# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၈၂)၊ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ ၁၆-၉-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာ သည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး နိုင်ငံစီးပွားရေးအားကောင်းရန် အတူတကွ ဝိုင်းဝန်းကြိုးပမ်း

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ သို့ ✰

### ယနေ့ ဖတ်စရာ အညွှန်း


မလေးရှားနိုင်ငံတစ်ဝန်း၌ လေထုအရည်အသွေး အခြေအနေဆိုး ဆာရာဝက်ပြည်နယ်တွင် မြူခိုးဝန်းရံမှု အဆိုးရွားဆုံးကြုံတွေ့နေ

စာမျက်နှာ ၈

ဟယ်ရီကိန်း ဘိုင်ယန်မြူးနစ်အသင်း ကစားသမားဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၁၅၀ ပြည့်မြောက်

စာမျက်နှာ ၁၁

နေမဝင်ဆည်းဆာ ထာဝရရိပ်သာမှ အဘွားတစ်ဦးအကြောင်း (ဆောင်းပါး)

စာမျက်နှာ ၁၄


### မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ



မြန်မာ့ဆက်သွယ်ရေး B2B Satellite Terminal တပ်ဆင်ထားမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

## ဖလမ်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ကောင်းမွန်မြန်ဆန်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် မြန်မာ့ဆက်သွယ်ရေး B2B Satellite Terminal တပ်ဆင်ထား

ဖလမ်း စက်တင်ဘာ ၁၅

ချင်းပြည်နယ် ဖလမ်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ကောင်းမွန်မြန်ဆန်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် မြန်မာ့ဆက်သွယ်ရေး B2B Satellite Terminal တပ်ဆင်ထားပြီးဖြစ်သည်။

မြန်မာ့စီးပွားရေးဘဏ်တွင် B2B Satellite Terminal တပ်ဆင်ထားရှိမှု၊ ဆိုလာမီးတပ်ဆင်ထားရှိမှု၊ အဆောက်အအုံပြုပြင်ပြီးစီးမှုတို့ကို ယမန်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် စာမျက်နှာ ၄ သို့ ❖

၂၀၂၆ ခုနှစ် ၊ စက်တင်ဘာ ၁၆ ရက် ၊ ဗုဒ္ဓဟူးနေ့။

မန္တလေး နေ့စဉ်

## ကမ္ဘာမြေပိုပိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့

၂၀၂၆ ခုနှစ်၊စက်တင်ဘာ ၁၆ရက်သည်ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဖြစ်သည်။ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးလှုပ်ရှားမှုများသည် ၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များအတွင်း အန္တာတိကတိုက်အပေါ်ဘက်ရှိ လေထု၏ ဒုတိယအလွှာ (Stratosphere)တွင် တည်ရှိသည့် အိုဇုန်းလွှာအပေါက်ဟုခေါ်သော သာမန်ထက်အလွန်ပါးလွှာသည့်နေရာတစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိရာမှစတင်၍ အစပြုခဲ့ခြင်းဖြစ်သည်။

အိုဇုန်းလွှာ၏အရေးပါမှုနှင့် အိုဇုန်းလွှာကိုကာကွယ်ရန် လိုအပ်သည့် လုပ်ဆောင်ချက်များကို အသိပညာပေးရန်ရည်ရွယ်၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို စက်တင်ဘာ ၁၆ ရက်နေ့တွင် နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည်။

ယခုနှစ်ဆောင်ပုဒ်မှာ "ကမ္ဘာမြေ ပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့" (Global Action for A Cooler planet) ဖြစ်သည်။

ထို့အပြင်သာမန်အားဖြင့် အိုဇုန်းလွှာပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေခြင်းမျိုးမရှိသော်လည်း အအေးပေးစနစ်များနှင့် မီးသတ်ဆေးဘူးများတွင်အသုံးပြုသော ပေါင်းစပ်ဓာတ်ငွေ့အရည်(သို့မဟုတ်)အအေးပေးဒြပ်ပစ္စည်းများ လေထုထဲသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိသွားသောအခါ အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေသကဲ့သို့ ကမ္ဘာ့လေထုအပူချိန်ကိုပါ ပိုမိုတိုးပွားစေသည့်အာနိသင်ကြောင့် ရာသီဥတုစနစ်အတွင်း ပြောင်းလဲမှုများကို ဖြစ်ပွားစေသည်။

ကမ္ဘာတစ်ဝန်းအသုံးပြုသော အအေးပေးဒြပ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာသည့် အိုဇုန်းလွှာ ပျက်စီးမှုသည် ယနေ့ခေတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များတွင် အဓိကထား ဖြေရှင်းရမည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၃ ခုနှစ်တွင် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်နှင့် လန်ဒန်ပြင်ဆင်ချက်များတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ် ကိုပင်ဟေဂင် ပြင်ဆင်ချက်နှင့် ၂၀၁၂ ခုနှစ် ပေကျင်းပြင်ဆင်ချက်များတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်လက်မှတ်ရေးထိုးပြီး အိုဇုန်းလွှာပျက်စီးစေမည့် ဒြပ်ပစ္စည်းများ လျှော့ချရပ်ဆိုင်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဗီယင်နာကွန်ဗင်းရှင်းနှင့် မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်ပါ ကတိကဝတ်များအရ ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုကြောင့် အိုဇုန်းလွှာအခြေအနေမှာ တစ်နှစ်လျှင် ၁ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းနှုန်းဖြင့် ပြန်လည်ကောင်းမွန်လာသည်ကိုလည်း လေ့လာတွေ့ရှိရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့လေထုပူနွေးမှု လျှော့နည်းစေသည့် အအေးပေးနည်းပညာများ တီထွင်ရေး၊ ပြုပြင်ထိန်းသိမ်းခြင်းတွင် အိုဇုန်းလွှာကိုမထိခိုက်စေသည့် အစားထိုးဒြပ်ပစ္စည်းများ ပြောင်းလဲအသုံးပြုရေးသည် အရေးကြီးသော အခန်းကဏ္ဍဖြစ်သည်။ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းမှုတွင် အထူးသဖြင့် စီးပွားရေးလုပ်ငန်းများတွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများနှင့် ကမ္ဘာ့ပူနွေးမှုအလားအလာမြင့်မားသည့် ဒြပ်ပစ္စည်းများ လျှော့ချသုံးစွဲရန် လိုအပ်မည်ဖြစ်သည်။

စွမ်းအင်ချွေတာနိုင်သော အအေးဓာတ်ထိန်းညှိသည့်နည်းပညာများနှင့် စွမ်းဆောင်ရည် တိုးမြှင့်စေသည့်နည်းပညာများကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် အိုဇုန်းလွှာပျက်စီးမှု၊ ရာသီဥတုပြောင်းလဲမှုများကို လျှော့ချနိုင်မည့်အပြင် စားနပ်ရိက္ခာဆုံးရှုံးမှုကိုလည်း ကာကွယ်နိုင်မည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ရာ ယခုနှစ်၏ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ် ကမ္ဘာမြေပိုမိုအေးမြဖို့ အားလုံးပူးပေါင်း ဆောင်ရွက်စို့နှင့်အညီ အသိပေးနှိုးဆော်အပ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါ်အေးသီတာမျိုး | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်<br>စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) ဦးသက်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၃) ဦးလှိုင်ဝင်းမောင် | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |

## လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၁၅**

လူငယ်ကဏ္ဍကိုမြှင့်တင်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲအချိန်က မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် ညောင်နီအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင်ကျင်းပရာ ရေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာအေးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်နှင့် မီးဘေးအန္တရာယ်၊ ကျောင်းကျန်းမာရေးတို့နှင့်ပတ်သက်၍ အသီးသီး ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး စိတ်ပါဝင်စားစွာမေးမြန်းခဲ့သော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် တိုင်းရင်းဆေးဝါးများအား၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၃၅ဦး တက်ရောက်ခဲ့သည်။

**သွေးသွေး(ခရိုင်ပြန်/ဆက်)**

## ကုန်စည်များတွင် ကုန်ညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ထုတ်လုပ်ရက်စွဲနှင့် သက်တမ်းကုန်ရက်စွဲများ ပြည့်စုံစွာပါရှိရေး အသိပညာပေး ဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၅**

ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲများ ပြည့်စုံစွာဖော်ပြရေးအသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်ရှိ စားသောက်ကုန်အသင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ထုတ်ကုန်နှင့်လုံခြုံစိတ်ချရမှုဌာနခွဲမှ စစ်ဆေးရေးအရာရှိများသည် စားသောက်ကုန်အသင်းဝင် လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ကုန်စည်များတွင် ကုန်ညွှန်းအမှတ်အသားဖော်ပြခြင်းရှိ၊ မရှိစောင့်ကြည့်စစ်ဆေးခြင်း ကိစ္စရပ်များ ဆောင်ရွက်ရာတွင် စားသုံးသူကာကွယ်ရေးဥပဒေများနှင့် ညွှန်ကြားချက်များအရ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဩဂုတ်လအထိ လုပ်ငန်းရှင် ၁၀၁၉ ဦး၊ ကုန်ပစ္စည်းအမျိုးအစားပေါင်း ၃၇၁၃ မျိုးအား ကုန်အညွှန်းအမှတ်အသားဆိုင်ရာ စိစစ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှစတင်၍ စားသုံးသူများ လုံခြုံစိတ်ချရသည့် ကုန်စည်များရွေးချယ်ဝယ်ယူနိုင်ရေးနှင့် လုပ်ငန်းရှင်များ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် စက်မှုကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့နှင့် ပူးပေါင်းကာ ၎င်းတို့ဌာနတွင်မှတ်ပုံတင်ထားသည့် လုပ်ငန်းရှင်များအားခေါ်ယူ၍ ဈေးကွက်မရောက်မီစစ်ဆေးခြင်းဖြင့် မိမိတို့ထုတ်လုပ်သည့်ကုန်စည်များပေါ်တွင် ကုန်ညွှန်းအမှတ်အသားဖော်ပြချက်များနှင့်အညီ ကိုက်ညီမှုရှိစေရေးအတွက် အရှိန်အဟုန်မြှင့် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတွင် ဈေးကွက်တွင်ဖြန့်ဖြူးရောင်းချနေသည့် ကုန်စည်အချို့၌ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲများကို ထပ်ပိုးလွှာ (Sticker)များဖြင့် ကပ်နှိပ်ရောင်းချနေသည်ကို စိစစ်တွေ့ရှိရသဖြင့် ထိုသို့ စတစ်ကာကပ်ခြင်းကို သီးခြားခွင့်ပြုထားခြင်းမရှိကြောင်းနှင့် ကုန်စည်ပေါ်တွင် တိုက်ရိုက်ရိုက်နှိပ်ခြင်း သို့မဟုတ် ပုံသွင်းခြင်းဖြင့်သာ ဖော်ပြရမည်ဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နေ့အထိ အသိပညာပေးကာလအဖြစ် သတ်မှတ်ထားပြီး ၎င်းကာလနောက်ပိုင်း သတ်မှတ်ထားသောညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်အားနည်းသော(သို့)လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သောလုပ်ငန်းရှင်များကို စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာပေး ဆွေးနွေးခဲ့သည်။

ထို့အပြင် စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရေးနှင့် လုပ်ငန်းရှင်များ ဥပဒေနှင့်ညွှန်ကြားချက်များအတိုင်း စနစ်တကျလိုက်နာဆောင်ရွက်လာစေရန်အတွက် ယခုကဲ့သို့ အသိပညာပေးဆွေးနွေးပွဲများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

**☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် နိုင်ငံတော်တွင် အတူတကွမှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ကိုယ်စီအသိရှိစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်**

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံတကာ ပြည်ပခရီးစဉ်များ အတွေ့အကြုံများမှတစ်ဆင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတုယူသင့်သည်များကို အတုယူ၍ အကောင်အထည်ဖော်ဆောင်သွားကြရန်**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် မကြာမီရက်များအတွင်းက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် သက်ဝင်ယုံကြည်မှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများ တူညီမှုရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်ရာတွင်လည်း အခက်အခဲများစွာကို ကြုံတွေ့ကျော်ဖြတ်ခဲ့ကြရကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် စစ်ပွဲဒဏ်နှင့် အရေးယူပိတ်ဆို့ကန့်သတ်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသည့်ကြားမှ ဒွိုင်မွိုင်း (Doi Moi) စီးပွားရေးပြုပြင်ပြောင်းလဲမှု မူဝါဒကို နှစ်ပေါင်း ၄၀ ခန့် အကောင်အထည်ဖော်ပြီးနောက် စီးပွားရေးနှင့်ပတ်သက်၍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရကြောင်း၊ ၎င်းတို့အနေဖြင့် မဟာဗျူဟာမြောက် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်(၂)ရပ်ကို ချမှတ်ထားရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ခေတ်မီစက်မှုလုပ်ငန်းများနှင့် အထက်တန်း-အလယ်အလတ်ဝင်ငွေရှိသော ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်လာစေရန်နှင့် ၂၀၄၅ ခုနှစ်တွင် ဝင်ငွေမြင့်မားသော ဖွံ့ဖြိုးပြီး နိုင်ငံဖြစ်လာစေရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

ဗီယက်နမ်ပြည်သူများအနေဖြင့် အခက်အခဲများ၊ ပိတ်ဆို့မှုများကြားမှ နိုင်ငံချစ်စိတ်၊ အမျိုးကိုမြှင့်တင်လိုစိတ်များဖြင့် အမှန်တကယ် ကြိုးပမ်းအားထုတ်အလုပ်လုပ်ခဲ့မှုများကြောင့် တိုးတက်ပြောင်းလဲမှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်ကို မိမိတို့အနေဖြင့် အတုယူဖွယ် တွေ့မြင်ခဲ့ရကြောင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရှိခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်းနှင့် ကြိုးစားအားထုတ်မှုရှိခြင်း တို့သည်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေသည်ကို တွေ့မြင်ရကြောင်း၊ ယခုမိမိ

သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံရေးကို လက်တွေ့ကျကျဖွံ့ဖြိုး တိုးတက်လာနိုင်မည့် ဆွေးနွေးမှုရလဒ်ကောင်းများကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကထားပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ဗီယက်နမ်နိုင်ငံကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံသည်လည်း အခက်အခဲပေါင်းများစွာကြားမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအားထုတ်ခဲ့ရပြီး ယခုအခါ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံ၍ နိုင်ငံစီးပွားရေးကို ဆောင်ရွက်သည့်နိုင်ငံတစ်ခုဖြစ်ပြီး စပါးစိုက်ပျိုး၍ ပြည်ပသို့တင်ပို့လျက်ရှိသကဲ့သို့ ငရုတ်ကောင်းနှင့် သီဟိုဠ်စေ့များကိုလည်း စီးပွားဖြစ်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယခုအခါ ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရတည်ငြိမ်အေးချမ်းမှုရှိခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ မိမိအနေဖြင့် သမိုင်းဝင် UNESCO စာရင်းဝင် အန်ကောရေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ အန်ကောဝပ်ဘုရားကျောင်းတော်နှင့် ဘေရွန်ဘုရားကျောင်းတော်သို့လည်း သွားရောက်လေ့လာကြည့်ရှုခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ရှေးဟောင်းသမိုင်းဝင်နေရာများကို စနစ်တကျထိန်းသိမ်းထားရှိပြီး ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သဖြင့် နိုင်ငံ၏ခရီးသွားလုပ်ငန်းအတွက်များစွာ အကျိုးဖြစ်ထွန်းပြီး နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိခဲ့ရကြောင်း။

ခရီးစဉ်များသွားရောက်ခဲ့စဉ် ဖွံ့ဖြိုးတိုးတက်မှုရရှိခြင်း၏ အဓိကအကြောင်းရင်းသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိခြင်းပင်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှလုံး လုံခြုံအေးချမ်းစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ခြင်းပင် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးကတည်းကပင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သည့် စွမ်းရည်၊ စွမ်းအားရှိသော လူ့စွမ်းအားအရင်းအမြစ်များ၊ နိုင်ငံစီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေး အပါအဝင် လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံများကို အကြမ်းဖက်သမားများက ခေတ်အဆက်ဆက် နည်းလမ်းပေါင်းစုံဖြင့် ယနေ့ထက်တိုင် နှောင့်ယှက်ဖျက်ဆီးခဲ့ကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ခေတ်အဆက်ဆက် နိုင်ငံတည်ဆောက်ရေးတွင် "သမင်မွေးရင်း ကျားစားရင်း" ဆိုသကဲ့သို့ဖြစ်နေပြီး နိုင်ငံအတွက်ကြီးမားသည့် သမိုင်းသင်ခန်းစာတစ်ခုကဲ့သို့ ဖြစ်နေရကြောင်း။

**☆ ခရီးစဉ်များသွားရောက်ခဲ့စဉ် ဖွံ့ဖြိုးတိုးတက်မှုရရှိခြင်း၏ အဓိကအကြောင်းရင်းသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိခြင်းပင်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှလုံးလုံခြုံအေးချမ်းစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ခြင်းပင်ဖြစ်**

**☆ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးကတည်းကပင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်ရမည်**

**☆ သို့သော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သည့် စွမ်းရည်၊ စွမ်းအားရှိသော လူ့စွမ်းအားအရင်းအမြစ်များ၊ နိုင်ငံစီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေးအပါအဝင် လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံများကို အကြမ်းဖက်သမားများက ခေတ်အဆက်ဆက် နည်းလမ်းပေါင်းစုံဖြင့် ယနေ့ထက်တိုင် နှောင့်ယှက်ဖျက်ဆီးခဲ့ကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ခေတ်အဆက်ဆက် နိုင်ငံတည်ဆောက်ရေးတွင် "သမင်မွေးရင်း ကျားစားရင်း" ဆိုသကဲ့သို့ဖြစ်နေပြီး နိုင်ငံအတွက်ကြီးမားသည့် သမိုင်းသင်ခန်းစာတစ်ခုကဲ့သို့ ဖြစ်နေရ**

၎င်းတို့ဖျက်ဆီးခဲ့ကြသည့် အခြေခံအဆောက်အအုံများနှင့် ဆုံးရှုံးခဲ့ရသည့် လူသားအရင်းအမြစ်များကို ပြန်လည်တည်ဆောက်မွေးထုတ်နေရခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခြင်းမရှိသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကြီးစွာသောထိခိုက်နစ်နာဆုံးရှုံးနေရမှုပင်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်နှင့်အစိုးရတို့ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် နိုင်ငံတော်တွင် အတူတကွမှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက ကိုယ်စီအသိရှိစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက်လည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ အမြဲတမ်းတံခါးဖွင့်ဖိတ်ခေါ်ကြိုဆိုလျက်ရှိသဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်မှုရရှိရေးအတွက်လည်း ဖြစ်နိုင်သည်များကို တောင်းဆိုခြင်း၊ မဖြစ်နိုင်သည်များကို ညှိနှိုင်းခြင်းတို့ဖြင့် နိုင်ငံ့အကျိုးကိုကြည့်၍ ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း၊ ပြည်ပခရီးစဉ်များသွားရောက်မှုများမှ ရရှိခဲ့သည့် စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့အပါအဝင် နယ်ပယ်ပေါင်းစုံမှ တွေ့မြင်လေ့လာသိရှိခဲ့ရသည့် အတွေ့အကြုံကောင်းများကို သင်ခန်းစာယူ၍ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည်များကို အတုယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြေအသုံးချမှုများနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် နိုင်ငံတော်တွင် ရှိပြီးဖြစ်သည့် မြေသယံဇာတများကို စနစ်တကျဖြင့် အမှန်တကယ် အကျိုးရှိရှိအသုံးချနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်ကြသည့် ပြည်ပနိုင်ငံများ၏ မြေကိုအကျိုးရှိရှိ ထိထိရောက်ရောက် အမှန်တကယ်အသုံးချမှု ထားကြသည်များကို အတုယူလေ့လာ ဆောင်ရွက်ကြရန်လိုကြောင်း၊ ၎င်းတို့၏စိုက်ပျိုး မွေးမြူရေးထုတ်ကုန်များကို ထုတ်လုပ်တင်ပို့ရောင်းချမှုများနှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် အတုယူကြရမည်ဖြစ်ပြီး ကုန်ကြမ်းအတိုင်း ပြည်ပသို့ တင်ပို့ရောင်းချခြင်းထက် ပြည်တွင်း၌ပင်ကုန်ချောအဖြစ် ထုတ်လုပ်၍ အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချသွားနိုင်ကြရန်လိုကြောင်း၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးနှင့် မှန်ကန်သည့် သတ်မှတ်ဈေးနှုန်းရရှိရေးအတွက်လည်း အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များဖြစ်ရန်လိုကြောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မှသာ ပြည်ပပို့ကုန် ရရှိမည်ဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသတွင်းနေထိုင်သည့် ပြည်သူများစားသုံးမှုဖူလုံစေရေး လူဦးရေအချိုးအစားနှင့် ကိုက်ညီသည့် မွေးမြူရေးထုတ်ကုန်များကို စီမံချက်များစနစ်တကျ ရေးဆွဲပြီး လျာထားစီမံတွက်ချက် မွေးမြူသွားကြရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ကောင်းမွန်တိုးတက်လာမှသာ ငွေကြေးလည်ပတ်စီးဆင်းမှုများ ကောင်းမွန်လာပြီး ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်ကောင်းမွန်ကာ နိုင်ငံ၏စီးပွားရေးသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း။

ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိစဉ် ၎င်းတို့အနေဖြင့် ငရုတ်ကောင်းသီးနှံနှင့် ကော်ဖီသီးနှံကို ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးကြပြီး ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားဝင်ငွေများစွာရရှိနေသည်ကို တွေ့မြင်ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ငရုတ်ကောင်းသီးနှံကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်သည်ဖြစ်၍ ငရုတ်ကောင်းစိုက်ပျိုးရေးမှ နိုင်ငံခြားဝင်ငွေရရှိရေး ဆောင်ရွက်သွားနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် နေကြာနှင့်နှမ်းကိုလည်း များစွာစိုက်ပျိုးကြပြီး အဆီပါနေကြာ၊ နှမ်းစိုက်ပျိုးရေးနှင့်အတူ ပျားမွေးမြူခြင်းကို တွဲဖက်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် တောင်သူများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေပိုမိုရရှိလာစေနိုင်မည်ဖြစ်ကြောင်း။

**အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့်ပတ်သက်၍ စနစ်ကျနသည့် စံသတ်မှတ်ချက်များရှိရန်လို**

ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို အစိုးရကဖန်တီးပေးရမည်ဖြစ်ပြီး အဓိကလိုအပ်သည်မှာ အမှန်တကယ် အလုပ်လုပ်ကိုင်လိုစိတ်ရှိခြင်းပင်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းရွေးချယ်ခေါ်ယူခန့်ထားရေး၌ စနစ်ကျနသည့် စံသတ်မှတ်ချက်များရှိရန်လိုပြီး အတန်းပညာအောင်မြင်မှုများအလိုက် သင့်လျော်မှန်ကန်သည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့အတန်းပညာအလိုက် အလုပ်အကိုင်အခွင့်အလမ်းနှင့် လစာနှုန်းထားများ၊ ရာထူးအဆင့်ဆင့်တိုးမြှင့်နိုင်မှုတို့ မှန်ကန်မှသာ မိဘများအနေဖြင့်လည်း မိမိတို့၏သားသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနှင့်ပတ်သက်၍ ပညာရေးကိုအားပေးလာကြမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် စွမ်းရည်နှင့်စွမ်းအားရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပညာရပ်များအလိုက်၊ အရည်အသွေးနှင့် အရည်အချင်းအလိုက် မွမ်းမံသင်တန်းများ၊ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးသွားကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံအတွက်ကဏ္ဍပေါင်းစုံတွင် လိုအပ်လျက်ရှိသည့် လူသားအရင်းအမြစ်များကို စဉ်ဆက်မပြတ်မွေးထုတ် အကျိုးပြုသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၄ သို့ ☆

✰ စာမျက်နှာ ၃ မှ

❖ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာတွင် အဓိကအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး နိုင်ငံစီးပွားရေးအားကောင်းရန် အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ်လေ့ကျင့်မွေးထုတ် အသုံးပြုသွားနိုင်ရန်လည်း လိုအပ်

❖ အမှန်တကယ်အလုပ်လုပ်ကိုင်ကြရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး အားလုံးက အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြမည်ဆိုပါက မိမိတို့နိုင်ငံတော်ကြီး မလွဲမသွေဖွံ့ဖြိုးတိုးတက်လာမည်

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အစိုးရဗဟိုပြုသည့် ပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ ပုဂ္ဂလိကပညာသင်ကြားရေးစနစ်ကိုလည်း မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရကျောင်းများ၌ တက်ရောက်လျက်ရှိသည့် ကျောင်းသားကျောင်းသူများသည် လူတန်းစားအလွှာမျိုးစုံမှပါဝင်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အခြေခံပညာကျောင်းများတွင် သင်ကြားပေးသည့် အတန်းလိုက်ပညာရပ်များကို အမှန်တကယ် တတ်မြောက်ရန်လိုသကဲ့သို့ အထွေထွေဗဟုသုတနှင့် လူမှုဘဝအသိပညာများ တိုးတက်ရေးအတွက်ပါ သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း၊ အောင်ချက်ရာခိုင်နှုန်းနှင့် အောင်ချက်မြင့်မားရေးကိုသာ အာရုံစိုက်၍ သင်ကြားပေးခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ် စာတတ်မြောက်ရေးကို အလေးထားသင်ကြားပေးရန်လိုကြောင်း၊ အစိုးရကျောင်းများတွင် ပညာရေးကိုသာမက ပတ်ဝန်းကျင်နှင့် ပေါင်းသင်းဆက်ဆံရေးများအပါအဝင် လောကနီတိကိုပါ သင်ကြားပေးခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကလည်း ကျောင်းသား ကျောင်းသူများအမှန်တကယ် စာတတ်မြောက်စေရေးနှင့် ပညာရေးပတ်ဝန်းကျင်ကောင်းဖြစ်စေရေး ဝိုင်းဝန်းကြပ်မတ်အားပေးဆောင်ရွက်သွားရန်လိုကြောင်း။

အဆင့်မြင့်ပညာ သင်ကြားရေးနှင့်ပတ်သက်၍လည်း တက္ကသိုလ်များ၌ သင်ကြားပေးလျက်ရှိသည့် ပညာရပ်များကို အမှန်တကယ်တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း၊ တက္ကသိုလ်များသည် လေ့လာမှုဖြင့် သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ပညာသင်ယူချိန်တွင် သတ်မှတ်ထားသည့် ပညာသင်နှစ်များအလိုက် သင်ကြားရမည့်သင်ခန်းစာများနှင့် စစ်ဆေးရမည့် စာမေးပွဲများ၊ သုတေသနနှင့် စာတမ်းများကို သတ်မှတ်ချက်များအတိုင်း စနစ်တကျဖြင့် ဆောင်ရွက်မှု ရှိ/မရှိ တာဝန်ရှိသူများအနေဖြင့် မျက်ခြည်မပြတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ အဆင့်မြင့်ပညာသင်ကြားမှုများတွင် ကျောင်းသား ကျောင်းသူများ အမှန်တကယ် စာတတ်မြောက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း စနစ်တကျဖြင့် ကြပ်မတ်စစ်ဆေးဆောင်ရွက်နေရန်လိုကြောင်း၊ ကျောင်းသားကျောင်းသူ လူငယ်များအနေဖြင့် သက်ဆိုင်ရာပညာရပ်များကို အမှန်တကယ်တတ်မြောက်အောင် သင်ကြားသင်ယူရန်လိုအပ်သကဲ့သို့ ဗဟုသုတများရရှိစေမည့် မိမိတို့၏အသက်အရွယ်နှင့် ကိုက်ညီသော စာအုပ်၊ စာစောင်များကိုလည်း စဉ်ဆက်မပြတ်ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများအတွက် လိုအပ်သည့် စာကြည့်တိုက်၊ ဗဟုသုတစာအုပ်၊ စာစောင်များအပါအဝင် လိုအပ်ချက်များကို နိုင်ငံတော်အစိုးရမှ နှစ်စဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်းများကိုလည်း မူဝါဒနှင့်အညီ အားပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ယူကြရသည့် အစိုးရပညာသင်ကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန် လိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံ စသည်ဖြင့် ဆေးရုံများအလိုက်လိုအပ်သည့် ကုသရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများ ပြည့်စုံမှုရှိစေရေး လူသားအရင်းအမြစ်များ နှစ်စဉ်လျာထားစီမံ လေ့ကျင့်မွေးထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမြှင့်တင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ နေထိုင်စားသောက်မှု၊ အုပ်ချုပ်မှုအဆောက်အအုံနှင့် လိုအပ်သည်များကိုလည်း နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အလိုက် သက်ဆိုင်ရာရာထူးတာဝန်များအသီးသီး ခန့်အပ်တာဝန်ပေးထားခြင်းဖြစ်ကြောင်း၊ ခရိုင်အဆင့် တာဝန်ရှိသူများကို အတွေ့အကြုံနှင့် လုပ်သက်အရ ရွေးချယ်တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ထိရောက်သည့်စီမံအုပ်ချုပ်ကွပ်ကဲမှုဖြစ်စေရေး ခရိုင်ဗဟိုပြုအုပ်ချုပ်ရေးစနစ်ဖြင့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ဆောက်လုပ်ရေး၊ တရားရေးနှင့် ဥပဒေစသည်ဖြင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ခရိုင်အဆင့်မှ စနစ်တကျ တာဝန်ယူဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုအခါ ကမ္ဘာနှင့်တစ်ဝန်းတွင် ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အယ်လ်နီညိုနှင့်ပတ်သက်၍လည်း ကြိုတင်သတိပေးထုတ်ပြန်ချက်များ ထုတ်ပြန်ထားသည်ကိုတွေ့ရှိရပြီး ဂရုပြုကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် လိုကြောင်း၊ အပူချိန်လွန်ကဲမှုကြောင့် မြေအောက်ရေ လျော့နည်းကျဆင်းမှုများနှင့် ရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေများအတွက် လိုအပ်သည့်ရေများကို ကြိုတင်စုဆောင်းထားရှိရန်လိုကြောင်း၊ လိုအပ်ပါက မြစ်ချောင်းများတွင် မြေအောက်တမံများပြုလုပ်ပြီး မြေအောက်ရေကို ထိန်းသိမ်းသွားကြရန်နှင့် ကြိုတင်ပြင်ဆင်၍ ရသည်များကို ယခုကတည်းက စနစ်တကျဖြင့် စဉ်းစားပြင်ဆင်ဆောင်ရွက်ထားကြရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကြီးမားနေဆဲဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးသည် အလွန်ပင်အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားကဏ္ဍနှင့်ပတ်သက်၍ "အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"ဆိုသည့် မူဝါဒနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပပြုလုပ်လျက်ရှိသကဲ့သို့ အားကစားကဏ္ဍမြှင့်တင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာမီ ဒီဇင်ဘာလသို့ ရောက်ရှိတော့မည်ဖြစ်ပြီး အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်နိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် ရှိပြီးဖြစ်သည့် အားကစားကွင်းများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျ ပြင်ဆင်ထိန်းသိမ်း အသုံးပြုဆောင်ရွက်သွားကြရန်လိုကြောင်း။

အချုပ်အားဖြင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာတွင် အဓိကအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး နိုင်ငံစီးပွားရေးအားကောင်းရန် အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ် လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်အသုံးပြုသွားနိုင်ရန်လည်း လိုအပ်ကြောင်း၊ အမှန်တကယ်အလုပ်လုပ်ကိုင်ကြရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး အားလုံးက အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြမည်ဆိုပါက မိမိတို့နိုင်ငံတော်ကြီး မလွဲမသွေဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

---

# မိုဘိုင်းရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ ငှားရမ်း

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် စာပေ၏ အကျိုးကျေးဇူးများရရှိစေရန်၊ ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရန် ရည်ရွယ်၍ ယနေ့နံနက် ၁၀ နာရီခွဲက မိုဘိုင်းရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များအား အခမဲ့ ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စာအုပ်စာစောင်များ ငှားရမ်းဆောင်ရွက်ပေးရာတွင် ယင်းရွှေ့လျားစာကြည့်တိုက်ယာဉ်ရှိ သုတ၊ ရသစာအုပ်ပေါင်း နှစ်ထောင်ကျော်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် အခမဲ့လဲလှယ်ပေးသွားမည်ဖြစ်ပြီး မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား လေ့လာဖတ်ရှုစေခဲ့ပြီး အခမဲ့ ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။

ယင်းစာအုပ်စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**အောင်ဖြိုးစင်(ခရိုင် ပြန်/ဆက်)**

---

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။

---

❖ ဖလမ်းမှ

ချင်းပြည်နယ် သယံဇာတဝန်ကြီး၊ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ရုံးအဆောက်အအုံ၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအဆောက်အအုံ၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာနှင့် အရာရှိနေအိမ်များ တစ်စိတ်တစ်ပိုင်းပြုပြင်နေမှု၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း တစ်စိတ်တစ်ပိုင်းပြုပြင်ပြီးစီးမှုနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၄၀၀ ကျော် အေးချမ်းစွာ ပညာသင်ကြားနေမှု၊ ပြည်သူများအပန်းဖြေလည်ပတ်နိုင်ရန် လွတ်လပ်ရေးကျောက်တိုင်နှင့် View Point ပြုပြင်ဆောင်ရွက်နိုင်ရေးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာနရုံးအဆောက်အအုံများနှင့် အိမ်ရာများ ပြုပြင်နေမှု၊ ခရိုင်တိုင်းရင်းဆေးကုဌာနရုံးအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာပြုပြင်နေမှု၊ ဖလမ်းမြို့မရဲစခန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် အိမ်ရာများနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးပြုပြင်နေမှု၊ ဆိုလာမီးတပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ခန်းမ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ဒေသခံကုမ္ပဏီများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးသည်။

အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် ဖလမ်းခရိုင် ဌာနဆိုင်ရာ အဆောက်အအုံ ၂၀၈ လုံးကို ဒုတိယဝန်ကြီးများဦးဆောင်ပြီး ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဒေသခံကုမ္ပဏီ ၁၂ ခုတို့က ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

# တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုပေး

**မြစ်သား စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ကင်းစိန်ဈေး အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေး စောင့်ရှောက်ပေးမှုကို ယနေ့နံနက် ၉ နာရီက နယ်လှည့်ကွင်းဆင်းကုသပေးခဲ့သည်။

အဆိုပါ မြို့နယ်တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုအခန်းကဏ္ဍတွင် တိုင်းရင်းဆေးဖြင့် အကျိုးထိရောက်မှုရှိစွာ ကုသနိုင်ရန် ရည်ရွယ်၍ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်စိုပြေဝင်းက ကျောင်းသား၊ ကျောင်းသူများကို အပူကြောင့်ဖြစ်သော ခေါင်းမူး၊ ချွေးထွက်များခြင်း၊ အပူရှပ်ခြင်းတို့အကြောင်း အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းရွှေကြည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ မိုးရာသီတွင် အဓိကဖြစ်ပွားတတ်သောသွေးလွန်တုပ်ကွေးရောဂါ၊ နှာစေးချောင်းဆိုးခြင်း၊ အစာမကြေခြင်း၊ သဲဝဲစားခြင်းနှင့် အရေပြားရောဂါများကိုကုသပေးခြင်း၊ တိုင်းရင်းဆေးဝါးများသောက်ဆေးပေးခြင်း၊ လိမ်းဆေးပေးခြင်းများကို ကျောင်းသား၊ ကျောင်းသူ ၉၈ ဦးတို့ကို ကုသပေးခဲ့ကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဆောင်သည့်အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟို ကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်း ရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်း ရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင် ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက်အမှတ်(၁/၂၀၂၆)ဖြင့် ၂၀၂၆ ခုနှစ်ဧပြီ ၂ ရက်တွင်ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်း ရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ(RCSS)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်း ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ ဖြစ်ကြသည့် စဝ်အောင်တိန်းနှင့် စဝ်လံတိုင်း၊ ဗဟိုဦးစီး ကော်မတီဝင်များဖြစ်ကြသည့် စဝ်စိုင်းဟန်၊ စဝ်ယွက်ခမ်း၊ စဝ်စိုင်းလျဲန်း၊ နန်းမိုးမိုးစောနှင့် ဗဟိုကော်မတီဝင် နန်းဟန်လောဝ်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောကြားရာ တွင် မိမိတို့နိုင်ငံအနေဖြင့် အဓိကလိုအပ်ချက်မှာ စီးပွားရေးဖြစ်ကြောင်း၊ စီးပွားရေးဖော်ဆောင်ရန် မှာလည်း ငြိမ်းချမ်းရေးသည်အဓိကဖြစ်ကြောင်း၊ ညှိနှိုင်းရေးကော်မတီအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အားလုံးကိုကြိုတင်ကန့်သတ်ချက် များမထားဘဲ တစ်ပြေးညီဖိတ်ခေါ်ခဲ့ပြီး ငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးခဲ့ကြောင်း၊ ဆက်လက်ပြီးလည်း ဆွေးနွေးညှိနှိုင်းမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်သဘောတူညီ ခဲ့သည့်အပိုင်းများကို လိုက်နာဆောင်ရွက်ပြီး ရှေ့ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက် မည့်နည်းလမ်းများကို ဆွေးနွေးပေးစေလိုကြောင်း၊ ယခင်ချုပ်ဆိုခဲ့သောစာချုပ်များကို လေးစားလိုက်နာ ပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ယုံကြည်မှုတည်ဆောက် နိုင်မှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ် ထိတွေ့ပြီး ရှေ့ဆက်နိုင်မည်ဖြစ်၍ နည်းလမ်းမျိုးစုံနှင့် ဆက်သွယ်ဆောင်ရွက်စေလိုပါကြောင်း၊ နှစ်ဖက် အပြန်အလှန်ထိတွေ့ဆက်ဆံ ဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်ယုံကြည်မှုလည်း တိုးလာမည်ဖြစ် ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းက အစိုးရသစ်ဖွဲ့ပြီးနောက်ပိုင်း အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟို ကော်မတီ၏ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရေး ရည်ရွယ်ပြီး ၂၀၂၆ ခုနှစ် ဧပြီ ၂ ရက်တွင် သက်ဆိုင်ရာအဖွဲ့အစည်း များအား ငြိမ်းချမ်းရေးဆွေးနွေးရန် တရားဝင် ဖိတ်ခေါ်ခြင်းကို ကြိုဆိုပါကြောင်း၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံမှုများသည် ဆွေးနွေးခြင်း လုပ်ငန်းစဉ်တိုးတက်မှုကို ပြသရာရောက်ခြင်း ဖြစ်သကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းကို အလေးထားခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်ဆောင်ရွက်ရာတွင် ယုံကြည်မှုသည် အလွန် အရေးကြီးကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်နေစဉ်ကာလအတွင်း ပြည်သူများ နေရပ် ပြန်လာစေရေးနှင့် ပြန်လည်ထူထောင်ရေးအစီအမံ များကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနေကြောင်း၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက် ရေးတို့အား ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း နှင့် ယနေ့ဆွေးနွေးပွဲမှ ရလဒ်ကောင်းများရမည်ကို ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ(RCSS) အဖွဲ့အစည်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်း ရေး၊ ပဋိပက္ခကြောင့် ရွှေ့ပြောင်းနေထိုင်ခဲ့ရသည့် ပြည်သူများ နေရပ်ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင် ရေး၊ ဒေသခံပြည်သူလူထုအတွက် လမ်းပန်းဆက်သွယ် ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားနှင့် ဒေသ ဖွံ့ဖြိုးရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်ဖက် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ယုံကြည်မှုပြန်လည်တည်ဆောက်ရေး ဆိုင်ရာကိစ္စရပ်များနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ် များ၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးတို့အတွက် အစိုးရနှင့် ပူးပေါင်းဆောင် ရွက်ရေးတို့ကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသက်မွေးဝမ်း ကျောင်းသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေး အတွက် နိုင်ငံတော်အစိုးရ စီစဉ်ဆောင်ရွက်နေမှုများ နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်း ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရ သည်။

သတင်းစဉ်




## လူငယ်စကားဝိုင်း ကျင်းပ

ချောက် စက်တင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက် ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းကျင်းပ သော လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက GOLDEN CHAUK အဆင့်မြင့်ကိုယ်ပိုင် အထက်တန်းကျောင်း၌ ကျင်းပ သည်။

ရှေးဦးစွာ အခြေခံပညာ ဦးစီးဌာနမှ မြို့နယ်ပညာရေးမှူး ဦးသန်းမြိုင်က အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က လူငယ်စကားဝိုင်းကျင်းပရခြင်း ၏ ရည်ရွယ်ချက်အား ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြန် ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင် ချိုချိုဝင်းက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူလေးများက စာအုပ် ကို လေ့လာဖတ်ရှုရသည့် အမြင် နှင့်အားသာချက်၊ အကျိုးကျေး ဇူးများတို့ကို အသီးသီးဆွေးနွေး ခဲ့ကြသည်။ ဆွေးနွေးခဲ့သည့် ကျောင်းသား၊ ကျောင်းသူလေး များအား မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး Golden Chauk အဆင့်မြင့်ကိုယ်ပိုင်အထက်တန်း ကျောင်းတာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ သည်။

အဆိုပါ လူငယ်စကားဝိုင်း ဆွေးနွေးပွဲသို့ ကျောင်းအုပ်ကြီး နှင့် ဆရာ၊ ဆရာမ၊ ကျောင်း သား၊ ကျောင်းသူ စုစုပေါင်း (၂၀၀)ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။ (အပေါ်ဓါတ်ပုံ)

ကျော်မိုး(ပြန်/ဆက်)

## မိုးရာသီ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ဂန့်ဂေါ စက်တင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် ခရိုင်စီမံခန့်ခွဲရေး နှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဖလား မိုးရာသီအမျိုးသားအလွတ် တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၃ နာရီက မြို့နယ် ပြည်သူ့အားကစားကွင်းတွင် ကျင်းပပြုလုပ်ရာ ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသက်လွင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူး ဖြိုးသူနှင့် တပ်နယ်မှအရာရှိ ကြီးများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တ ဥက္ကဋ္ဌ ဒေါ်ယဉ်နွဲ့ဝင်းနှင့်အဖွဲ့ ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ် ချုပ်ရေးမှူးများနှင့် အားကစား ဝါသနာရှင် မိဘပြည်သူများ (၁၈၀၀)ဦး တက်ရောက်၍ ကြည့်ရှုအားပေးခဲ့ကြသည်။

ဦးစွာ ဂန့်ဂေါခရိုင်စီမံခန့် ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်လွင်နှင့် တာဝန် ရှိသူများက ဗိုလ်လုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည့် စည်ပင် သာယာအသင်းနှင့် မြို့မအသင်း တို့မှ အားကစားသမားများ အားတွေ့ဆုံ၍ အားကစားစိတ် ဓာတ်ပြည့်ဝစွာဖြင့် ယှဉ်ပြိုင် ကစားကြရန် အမှာစကားပြော ကြားပြီး ဗိုလ်လုပွဲကို ယှဉ်ပြိုင် ကစားရာ စည်ပင်သာယာအသင်း က မြို့မအသင်းအား လေးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွား သည်။ (အောက်ပုံ)

အဆိုပါ ၂၀၂၆ ခုနှစ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဖလား မိုးရာသီ အမျိုးသားအလွတ်တန်းဘော လုံးပြိုင်ပွဲများကို ဩဂုတ် ၂၇ ရက်နေ့မှ စက်တင်ဘာ ၁၃ ရက်နေ့အထိ မြို့နယ်ပြည်သူ့ အားကစားကွင်းတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပပြုလုပ် ခဲ့ကြောင်း သိရသည်။

မောင်မျိုးမင်း(ပြန်/ဆက်)

၀-၀-၀-၀-၀



# မန္တလေးတက္ကသိုလ်၊ သတ္တဗေဒမိသားစု ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲပြစ်မြောက်ရေး ညှိနှိုင်းဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတက္ကသိုလ်၊ သတ္တဗေဒမိသားစု ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၃ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၂၇ လမ်းရှိ ISO အစည်းအဝေးခန်းမတွင် ကျင်းပရာ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ နာယက ဦးခင်မောင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဥက္ကဋ္ဌ ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမဥ္ဇူမြင့်က အာစရိယပူဇော်ပွဲ အောင်မြင်စွာ ကျင်းပရေးဆိုင်ရာများကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးအောင်နိုင်ထွန်းက ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ဖိတ်ကြားရေး၊ ကြိုဆိုရေးဆိုင်ရာများကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးဝင်းမောင်ဌေးက လှူဒါန်းငွေများ လက်ခံရေးနှင့် ဖြတ်ပိုင်းစာအုပ်များ အလှူငွေ ကောက်ခံပေးမည့်သူများနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးရှိ သတ္တဗေဒဌာနများသို့ ပေးပို့ခြင်းတို့ကိုလည်းကောင်း တက်ရောက်လာသူများက အထွေထွေလုပ်ငန်းဆိုင်ရာများကို အကြံပြု ဆွေးနွေးကြသည်။



မန္တလေးတက္ကသိုလ် သတ္တဗေဒမိသားစု ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃၁ ရက် စနေနေ့တွင် မန္တလေးတက္ကသိုလ် ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)(၀၄၅)

၀-၀-၀-၀-၀-၀-၀

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အခြေခံသင်တန်း(၁/၂၀၂၆)ဖွင့်ပွဲ ကျင်းပ

**ချောက် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အခြေခံသင်တန်း(၁/၂၀၂၆)ဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြဖောင်းက သဘာဝဘေးနှင့်ပတ်သက်သည့်အကြောင်းအရာများနှင့် သင်ကြားပို့ချမည့် ဘာသာရပ်နှင့် ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အခြေခံသင်တန်း(၁/၂၀၂၆)ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ကြီးကြပ်မှုဖြင့် ကော်မတီမှ သက်ဆိုင်ရာ တာဝန်ရှိဌာနဆိုင်ရာများမှ နည်းပြဆရာလေးဦးက သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးတို့ဖြင့် စက်တင်ဘာ ၁၄ ရက်မှ စက်တင်ဘာ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)ကျော်မိုး(ပြန်/ဆက်)

# မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ပဲမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် မိုးရာသီ ပဲမျိုးစုံအဖြစ် ပဲတီစိမ်း ၅၄၀၁ ဧကနဲ့ ပဲစင်းငုံ ၁၁၅၁၂ ဧက စိုက်ပျိုးခဲ့တယ်။ အခုအခါ ပဲစင်းငုံစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းနေပါတယ်။ ပဲစင်းငုံက ကုန်ကျစရိတ်သက်သာပြီး တောင်သူတွေ တွက်ခြေကိုက်သီးနှံဖြစ်တာကြောင့် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြတယ်"ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးက ပြောသည်။

အဆိုပါ ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ပညာပေးခြင်း၊ ကွင်းသရုပ်ပြပွဲများပြုလုပ်ခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာများ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)

(၄၈၀)

၀-၀-၀-၀-၀-၀-၀



# သံရွာအခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ၊ နံရံကပ်စာစောင်ပြသ

**ကျောက်ဆည် စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူ လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ စာပေဗဟုသုတများတိုးပွားစေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့် သတ္တိများရှိလာစေရန်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ယမန်နေ့ နံနက် ၁၀ နာရီက သံရွာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝင်းက လူငယ်စကားဝိုင်း ပြုလုပ်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ဦးဆောင်ပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပခဲ့ရာ သံရွာအခြေခံပညာ အထက်တန်းကျောင်း Grade-11 ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မောင်ကောင်းခန့်ဝေ၊ မောင်စိုးမင်းမြတ်၊ မောင်လင်းလက်ဟိန်း၊ မအိစံနှင့် မတင်ဇာလင်းတို့က လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့် အွန်လိုင်းစနစ် စသည့် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ရာ စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)



# ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းနေမှုအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ စစ်ဆေး

**ပျော်ဘွယ် စက်တင်ဘာ ၁၅**

ရန်ကုန်-မန္တလေးကားလမ်းနှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ညောင်ရွှေ-ကင်းတားကျေးရွာတို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းခင်းခြင်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ထိုကဲ့သို့ ကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းက ကတ္တရာလမ်းခင်းရာတွင် အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးတို့ကို ဆွေးနွေးပြီး ရမည်းသင်းခရိုင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ကတ္တရာလမ်းခင်းခြင်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၁၇ ဒသမ ၉၅၀ သန်းဖြင့် ၀/၁ ဒသမ ၅ မိုင်အား ဆောင်ရွက်နေခြင်းဖြစ်ပြီး ကတ္တရာလမ်းခင်းခြင်းပြီးစီးပါက ကျေးရွာပေါင်းခုနစ်ရွာမှ ပြည်သူ ၄၀၀၀ ကျော်သည် အဆင်ပြေလွယ်ကူ ချောမွေ့စွာသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဟောပြော

**ကွန်ဟိန်း စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့၊ အမှတ်-၂ အခြေခံပညာမူလတန်းကျောင်း၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဟောပြောပွဲအား စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲက ဆောင်ရွက်ခဲ့သည်။ (အောက်ပုံ)

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သဲမာက ကျောင်းသား၊ ကျောင်းသူများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဟောပြောခြင်းနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးများကို အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် စာအုပ်များငှားရမ်းပေးခြင်း၊ ဖတ်ရှုစေခြင်းများ ဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား လေးဦး မြန်မာ - ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်




နေပြည်တော် စက်တင်ဘာ ၁၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ - ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား လေးဦးတို့အား မြန်မာ - ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Case Officer and Interpreter Ms. Maria Alexandra G.Contreras နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ Administrative and Technical Staff Mr. Mohammad Din Islam နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၂၆၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၉၂၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၃၇ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော) ပြဋ္ဌာန်းချက်များအက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၄၀ ရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၉၇ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အသင်းသားများအား မော်တော်ဆိုင်ကယ်များ ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်မှ အသင်းသားများအား ဝန်ထမ်းများ သက်သာချောင်ချိရေးအစီအစဉ်အဖြစ် သင့်တင့်သော အတိုးနှုန်းထားနှင့် အချိန်ကာလကန့်သတ်ချက်ဖြင့် မော်တော်ဆိုင်ကယ်များအား ယနေ့နံနက်ပိုင်းက အဆိုပါ အသင်းရုံးတွင် ရောင်းချပေးလျက်ရှိသည်။

အခမ်းအနားတွင် အောင်မြေသာစံမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ၊ အသင်းဥက္ကဋ္ဌ ဗိုလ်ကြီးစောထွန်းဦး(ငြိမ်း)၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ အသင်းဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးခင်မောင်မြင့်(ငြိမ်း)နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ အသင်းသားများ၊ အောင်မြေသာစံမြို့နယ် သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဖြူဖြူသန့်နှင့် တာဝန်ရှိသူများက ပထမအသုတ်အနေဖြင့် အသင်းအမှုဆောင်အဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများနှင့် အသင်းဝင်များအား Nifan - 110 အမျိုးအစား မော်တော်ဆိုင်ကယ်ကို တစ်စီးလျှင် ငွေကျပ် ၃၁၅၀၀၀၀ တန်၊ ၁၀ စီးကို ဝယ်ယူရောင်းချပေးခဲ့ပြီး အသင်းဝင်များ လိုအပ်ပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**



✦ အကြိမ်(၂၀)မြောက်မှ

"Zanaka အသင်းက အာရှအားကစားပြိုင်ပွဲမှာ ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အာရှ ၁၂ နိုင်ငံမှာ ထိပ်သီးရှစ်နိုင်ငံနဲ့ ယှဉ်ပြိုင်သွားရဖို့ရှိပါတယ်။ အထူးသဖြင့် တရုတ်၊ ဂျပန်နဲ့ ဆော်ဒီအာရေဗျနိုင်ငံတွေနဲ့ အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ။ အကောင်းဆုံးပြင်ဆင်ထားတာကြောင့် နိုင်ငံ့ဂုဏ်ဆောင်ဆုတွေရရှိဖို့ မျှော်မှန်းထားတယ်။ ပြိုင်ပွဲကာလမှ ပြည်သူတွေအနေနဲ့ စောင့်ကြည့်အားပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်"ဟု မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက ပြောသည်။

မြန်မာလက်ရွေးစင် Esports အားကစားအဖွဲ့ချုပ်မှ National Team Zanaka အသင်း Team Zanaka eFootball mobile အသင်းနှင့် console အသင်းတို့သည် စက်တင်ဘာ ၁၉ ရက် တွင် ဂျပန်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

ထို့အတူ စက်တင်ဘာ ၂၄ ရက်တွင် Honor of Kings(HOK)အသင်း၊ စက်တင်ဘာ ၂၅ ရက်တွင် PUBG Mobile အသင်း၊ စက်တင်ဘာ ၂၆ ရက်တွင် Mobile Legend(MLBB) အသင်းတို့သည်လည်း ဂျပန်နိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်ပြီး ပြိုင်ပွဲများတွင် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား ၂၁ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ KBZ Pay ၊U 9 ၊ Lipovitan-D နှင့် SINODA တို့က ပူးပေါင်းပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ-ခွဲမာန်**

စာမျက်နှာ ၂၄ မှ

အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်ခမ်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများ နေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါနေရာသို့သွားရောက်၍ စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ရှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၃ ဦးတို့အား Type-81 သေနတ်တစ်လက်၊ ကျည်တောင့် ၆၀၊ ကျည်အိမ် လေးခု၊ ဖုန်းမျိုးစုံ ၂၂ လုံး၊ Laptop တစ်လုံး၊ Starlink လေးစုံ၊ 12 V Battery တစ်လုံး၊ Solar Battery နှစ်လုံး၊ Solar (620 W) ခြောက်ချပ်၊ Solar (420 W) တစ်ချပ်၊ အုတ်ကာသွပ်မိုး အလျား ပေ ၅၀၊ အနံ ပေ ၃၀ အဆောက်အအုံ တစ်လုံး၊ သွပ်ကာသွပ်မိုး အလျား ပေ ၃၀၊ အနံ ပေ ၂၀ အဆောက်အအုံ နှစ်လုံးနှင့် အခြားလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



သီပေါမြို့နယ် နမ့်ခမ်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။




သီပေါမြို့နယ် နမ့်ခမ်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား ဖမ်းဆီးရမိမှု။

## တရုတ်နိုင်ငံသို့ နိုင်ငံခြားသားများ ဗီဇာမလိုဘဲ ဝင်ရောက်မှုပမာဏ ယခင်နှစ်ထက် ၂၆ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ဆို

**ပေကျင်း စက်တင်ဘာ ၁၅**

တရုတ်နိုင်ငံသို့ နိုင်ငံခြားသားများ ဗီဇာမလိုဘဲ ဝင်ရောက်မှုပမာဏသည် ၂၃ ဒသမ ၇၂ သန်းရှိခဲ့ပြီး ယခင်နှစ်ထက် ၂၆ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကာ စုစုပေါင်းနိုင်ငံခြားသား ဝင်ရောက်မှု၏ ၇၇ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အဆိုပါ ကာလအတွင်း တရုတ်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များသည် ဝင်ထွက်သွားလာသည့် ခရီးသည် အကြိမ်ရေ ၄၉၉ သန်းကို မှတ်တမ်းတင်နိုင်ခဲ့ပြီး ယခင်နှစ်ထက် ၈ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

လတ်တလော စီမံဆောင်ရွက်မှုများသည် နိုင်ငံခြားသားများ တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်မှုကို ပိုမိုလွယ်ကူစေပြီး ဝင်ထွက်ပေါက်များရှိ ခရီးသွားများ၏ စိစစ်ရေးအချိန်ကို သိသိသာသာ လျှော့ချပေးနိုင်ခဲ့ကြောင်း အမျိုးသားလူဝင်မှုကြီးကြပ်ရေးရေးရာ စီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## အမေရိကန်လျှပ်စစ်ကား ထုတ်လုပ်သည့် တက်စလာကုမ္ပဏီ တက်စလာမော်တာ ဗီယက်နမ်ကုမ္ပဏီခွဲ တည်ထောင်လိုက်ပြီ



**ဟနွိုင်း စက်တင်ဘာ ၁၅**

လျှပ်စစ်ကား ထုတ်လုပ်သည့် တက်စလာကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံတွင် မတည်ရင်းနှီးငွေ ဗီယက်နမ်ဒေါင် ၇၇ ဒသမ ၆ ဘီလီယံ(အမေရိကန်ဒေါ်လာ ၃ သန်း)ဖြင့် တက်စလာမော်တာ ဗီယက်နမ်ကုမ္ပဏီခွဲကို တည်ထောင်လိုက်ပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ တည်ထောင်မှုသည် အရှေ့တောင်အာရှ၏ အလျင်မြန်ဆုံး ကြီးထွားလာနေသော လျှပ်စစ်ကား ဈေးကွက်များထဲမှ တစ်ခုအတွင်းသို့ တက်စလာ၏ တရားဝင် စတင်ဝင်ရောက်လာမှုဖြစ်သည်။

စက်တင်ဘာ ၁၁ ရက်နေ့က ဟိုချီမင်းမြို့၌ တည်ထောင်ခဲ့သည့် အဆိုပါကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ လျှပ်စစ်မော်တော်ယာဉ်များ ထုတ်လုပ်ပြီး လက်ကားရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## စင်ကာပူရှိ အလိုအလျောက်မောင်းနှင်သည့် မော်တော်ယာဉ်အစီးရေ ဂရက်ဘ်ကုမ္ပဏီက အစီး ၅၀ အထိ တိုးချဲ့ကာ ဝန်ဆောင်မှုမြှင့်တင်မည်

**စင်ကာပူ စက်တင်ဘာ ၁၅**

ဂရက်ဘ်ကုမ္ပဏီသည် ၎င်း၏ အလိုအလျောက်မောင်းနှင်သည့် မော်တော်ယာဉ်အစီးရေကို လာမည့် ၆ လအတွင်း ၁၀ စီးမှ ၅၀ အထိ တိုးချဲ့ကာ စင်ကာပူနိုင်ငံ ပန်းဂိုးနယ်မြေမှသည် အခြားဒေသများဆီသို့ ဝန်ဆောင်မှုများ မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။




ပန်းဂိုးနယ်မြေပြင်ပသို့ မည်သည့်တိုးချဲ့ပြေးဆွဲမှုမဆို အစိုးရ၏ အတည်ပြုချက်ရရှိရန် လိုအပ်မည်ဖြစ်ပြီး ပန်းဂိုးနယ်မြေအတွင်း အလိုအလျောက်မောင်းနှင်သည့် ယာဉ်လိုင်းဝန်ဆောင်မှုကို ပိုမိုကျယ်ပြန့်စွာ လွှမ်းခြုံနိုင်ရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးအာဏာပိုင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

လက်ရှိပြေးဆွဲနေသည့် အလိုအလျောက်မောင်းနှင်သည့် မော်တော်ယာဉ်များသည် စင်ကာပူနိုင်ငံ၏ လမ်းများပေါ်တွင် ကီလိုမီတာ ၁၁၀၀၀၀ ကျော်ကို အလိုအလျောက်မောင်းနှင်ကာ စီးနင်းသူ ၁၂၀၀၀ ကျော်တို့ကို ဝန်ဆောင်မှုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Mon**

## အီတလီနိုင်ငံ၊ စစ္စလီကျွန်းရှိ အက်တနာမီးတောင် လှုပ်ရှားမှုကြောင့် ကီလိုမီတာ ၄၀ အကွာရှိ ကာတာနီယာလေဆိပ် ယာယီပိတ်သိမ်းခဲ့ရ



**ရောမ စက်တင်ဘာ ၁၅**

အီတလီနိုင်ငံ၊ စစ္စလီကျွန်းရှိ အက်တနာမီးတောင် လှုပ်ရှားမှုကြောင့် မီးခိုးပြာများ ကောင်းကင်သို့ မြင့်တက်လာခဲ့ပြီးနောက် ကာတာနီယာ လေဆိပ်ကို စက်တင်ဘာ ၁၄ ရက်၌ ယာယီပိတ်သိမ်းခဲ့ရကြောင်း သိရသည်။

"ကာတာနီယာ လေဆိပ်၏ ဆိုက်ရောက်နှင့် ထွက်ခွာခရီးစဉ်များကို ရပ်ဆိုင်းထားသည်" ဟု လေဆိပ်၏ ဝဘ်ဆိုက်တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

တစ်နှစ်လျှင် ခရီးသည် ၁၂ သန်းခန့်ကို ဝန်ဆောင်မှုပေးနေသည့် အဆိုပါလေဆိပ်သည် နွေရာသီ ခရီးသွားရာသီဥတု အစည်ကားဆုံးဖြစ်သော ဩဂုတ်လအတွင်းကလည်း တစ်ပတ်ကြာ ပိတ်သိမ်းခဲ့ရသည်။

ယင်းလေဆိပ်သည် ကီလိုမီတာ ၄၀ (၂၅ မိုင်)ခန့်သာ ကွာဝေးသော အက်တနာမီးတောင်နှင့် နီးကပ်စွာ တည်ရှိနေသဖြင့် ထိုသို့ပိတ်သိမ်းရခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## ကမ္ဘာပေါ်တွင် သကြားသုံးစွဲမှု အများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယ၌ သကြားဈေးကစားရန် သိုလှောင်မှုကို အရေးယူဆောင်ရွက်လျက်ရှိ

**နယူးဒေလီ စက်တင်ဘာ ၁၅**

ကမ္ဘာပေါ်တွင် သကြားသုံးစွဲမှု အများဆုံး နိုင်ငံဖြစ်သည့် အိန္ဒိယ၌ ပွဲတော်ကာလ မတိုင်မီ သကြားဈေးနှုန်းများ မြင့်တက်လာပြီးနောက် စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများ အခက်တွေ့နေမှုကို ဖြေရှင်းရန် သကြားထောက်ပံ့မှု တိုးမြှင့်ရေးနှင့် ဈေးကစားရန် သိုလှောင်မှုကို တားဆီးရေးအတွက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အစိုးရသည် ဈေးကွက်အတွင်း အပူချိန်လျှော့ချရန် ရည်ရွယ်သည့် ဆောင်ရွက်ချက်များအနက် အသစ်တစ်ခုအနေဖြင့် သကြားစက်ရုံများအနေဖြင့် လုံလောက်သော ထောက်ပံ့မှုများကို သေချာစေရန်နှင့် ဈေးနှုန်းများကို သင့်တော်သောအဆင့်တွင် ထိန်းသိမ်းထားရန် တောင်းဆိုထားသည်။

လက်လီဈေးနှုန်းများသည် အမြင့်ဆုံးစံချိန်မှ ပြန်လည်ကျဆင်းလာသော်လည်း မြင့်မားသည့်အဆင့်တွင် ရှိနေဆဲဖြစ်ပြီး နိုဝင်ဘာလတွင် ကျရောက်မည့် ဒီပါဝလီပွဲတော် နီးကပ်လာသည်နှင့်အမျှ ဝယ်လိုအား ပိုမိုမြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။

**Mon**

## မလေးရှားနိုင်ငံတစ်ဝန်း၌ လေထုအရည်အသွေး အခြေအနေဆိုး ဆာရာဝက်ပြည်နယ်တွင် မြူခိုးဝန်းရံမှု အဆိုးရွားဆုံး ကြုံတွေ့နေ

**ကွာလာလမ်ပူ စက်တင်ဘာ ၁၅**

မလေးရှားနိုင်ငံတစ်ဝန်း၌ စက်တင်ဘာ ၁၅ ရက်နံနက်ပိုင်းက လေထုအရည်အသွေး "ကျန်းမာရေးကို ထိခိုက်စေသည့်အဆင့်"သို့ ရောက်ရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဆာရာဝက်ပြည်နယ်တွင် နိုင်ငံအတွင်း မြူခိုးဝန်းရံမှု အဆိုးရွားဆုံးအခြေအနေကို ဆက်လက်ကြုံတွေ့နေရသည်ဟု မလေးရှားနိုင်ငံ သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးဝန်ကြီးဌာန လက်အောက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

မလေးရှားနိုင်ငံ၏ လေထုညစ်ညမ်းမှုညွှန်းကိန်းသတ်မှတ်ချက်အရ ညွှန်းကိန်း ၀ မှ ၅၀ အတွင်းကို ကောင်းမွန်သည့်အဆင့်၊ ၅၁ မှ ၁၀၀ အတွင်းကို အသင့်အတင့်ရှိသည့်အဆင့်၊ ၁၀၁ မှ ၂၀၀ အတွင်းကို ကျန်းမာရေးကို ထိခိုက်စေသည့်အဆင့်၊ ၂၀၁ မှ ၃၀၀ အတွင်းကို ကျန်းမာရေးကို အလွန်ထိခိုက်စေသည့်အဆင့်နှင့် ၃၀၀ အထက်ကို အန္တရာယ်ရှိသည့်အဆင့်ဟု သတ်မှတ်ထားကြောင်း သိရသည်။

**Mon**



## မီးဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်(၅၂-အတွင်း)၊ ၉လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြား၊ အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်းရှိ မြရတနာပုံခန်းမ၌ စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အဆင်သင့်ဖြစ်မှုမြှင့်တင်ရေး မြို့နယ်အဆင့်ဆင့်ပွားသင်တန်း ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းသားဆရာ၊ ဆရာမများအား မီးဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပသည်။



အဆိုပါဟောပြောပွဲသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်၊ ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ သင်တန်းသား ဆရာ၊ ဆရာမများ၊ ကျောင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်မှ ငလျင်အန္တရာယ်နှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မီးဘေးလုံခြုံရေး အသိပညာများအား ဟောပြောပို့ချခဲ့ပြီးနောက် ဆရာ၊ ဆရာမများနှင့် ကျောင်းသားများအား မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ငြိမ်းသတ်ခြင်းနှင့် ၎င်းတို့၏ လက်ကိုင်ဖုန်းများအတွင်း 191 Report Application ထည့်သွင်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)



## ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း(Campaign) နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေး (compaign) ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

(အပေါ်ပုံ) နောင်နောင်(ဗိဿနိုးမြေ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**ချောင်းဆုံ စက်တင်ဘာ ၁၅**

မွန်ပြည်နယ်ရှိ မြို့နယ်အချို့၌ လောင်းကစားပြုလုပ်သူများအား စက်တင်ဘာ ၁၀ ရက်က ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ (အောက်ပုံ)

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီတွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရွာသစ်ကျေးရွာစမ်းချောင်းဘေးရှိ တောစပ်၌ ဖဲရိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ချောင်းဆုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတောစပ်၌ ရွာလွတ်ကျေးရွာနေ ဦးနေမျိုးအောင်(၄၉)နှစ်၊ ဦးမင်းထွန်းဦး(၇၀)နှစ်၊ ရွာသစ်ကျေးရွာနေ ဦးဝင်းမြင့်(၆၄)နှစ်နှင့် နီးမုတ်ကျေးရွာနေ ဦးမောင်ညို(၇၄)နှစ်ဆိုသူတို့ လေးဦးအား ဖဲရိုက်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် နေမျိုးအောင်ပါ လေးဦးအား ချောင်းဆုံမြို့မရဲစခန်းတွင် လည်းကောင်း။

အလားတူ နံနက် ၁၁ နာရီ ၂၀ မိနစ်တွင် ကျိုက်မရောမြို့နယ်၊ ကျိုက်ပရန်ကျေးရွာနေ ဦးကျော်သူရ(ခ)အရ(၄၉)နှစ်ဆိုသူ၏ နေအိမ်ဈေးဆိုင်၌ နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ကျိုက်မရောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်ဈေးဆိုင်အတွင်း၌ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ကျော်သူရ(ခ)အရဆိုသူအား ကျိုက်မရောမြို့မရဲစခန်းတွင်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားသည်။ (မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲများ ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးညီထွေးဦး ဦးဆောင်ကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လက်တွေ့သရုပ်ပြခြင်းကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၃ ရက်မှစတင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အဆင်သင့်ဖြစ်မှုမြှင့်တင်ရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်လှစ်လျက်ရှိရာ ဆရာ၊ ဆရာမများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကြောင်းအရာများအား ဦးစီးအရာရှိ ဦးညီထွေးဦးက ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိ ဦးညီထွေးဦးနှင့် သန္နေတပ်ဖွဲ့ဝင်များက ဦးဆောင်ကာ ဆရာ၊ ဆရာမများနှင့်အတူ မီးငြိမ်းသတ်ခြင်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၅၀)

## စက်သုံးဆီတရားမဝင် လက်ဝယ်ထားရှိ ရောင်းချသူများအား အမှုဖွင့်အရေးယူထား

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၌ စက်တင်ဘာ ၁၂ ရက်က စက်သုံးဆီတရားမဝင် လက်ဝယ်ထားရှိရောင်းချသူများအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့နယ်၊ ပျဉ်းမနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ပျဉ်းမနားမြို့နယ်အတွင်း၌ စက်သုံးဆီများ တရားမဝင် လက်ဝယ်ထားရှိရောင်းချနေကြောင်း သတင်းအရ လိုက်လံစစ်ဆေးခဲ့ရာ ရွှေချီရပ်ကွက်နေ အောင်သူ(၃၇)နှစ်ဆိုသူအား ဓာတ်ဆီ ရှစ်ဂါလန်ခန့်ပါ ပီပါတစ်လုံး၊ ဆီပန့်တစ်ခုဖြင့် လည်းကောင်း၊ ရွာကောက်ရပ်ကွက်၊ ပဲသဲကျွန်းရပ်နေ သန့်ဇင်(၄၆)နှစ်ဆိုသူအား ဓာတ်ဆီ ၂၀ ဂါလန်ခန့်ပါ ပီပါ တစ်လုံး၊ ဆီပန့် တစ်ခုဖြင့်လည်းကောင်း၊ သူကြီးစု(၁)ရပ်၊ ပေ(၈၀)လမ်း၌ ရွာကောက်ရပ်ကွက်နေသူများဖြစ်ကြသည့် အောင်ကျော်သူဆွေ(၄၁)နှစ်ဆိုသူအား ဓာတ်ဆီ ၇၄ ဂါလန်ခန့်နှင့် ဆီပန့် တစ်ခုဖြင့်လည်းကောင်း၊ ညီညီဝင်း(၄၄)နှစ်ဆိုသူအား ဓာတ်ဆီ ရှစ်ဂါလန်ခန့်နှင့် ဆီပန့် တစ်ခုဖြင့်လည်းကောင်း၊ ကြည်စိုးအောင်(၂၇)နှစ်ဆိုသူအား ဓာတ်ဆီ ၃၁၄ဂါလန်ခန့်နှင့် ဆီပန့် တစ်ခုတို့ဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် သက်ဆိုင်ရာရဲစခန်းများ၌ ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေဖြင့် အသီးသီး အမှုဖွင့်အရေးယူထားသည်။ (ဝဲပုံ)



(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*-*




## ဟယ်ရီကိန်း ဘိုင်ယန်မြူးနစ်အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၁၅၀ ပြည့်မြောက်

**မြူးနစ် စက်တင်ဘာ ၁၅**

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၁၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ **(အောက်ယာပုံ)**

အဆိုပါ တိုက်စစ်မှူးသည် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက အဲလ်ဟစ်ဘတ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို သွင်းဂိုး ၁၅၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၃ ပွဲကစားပြီး ဂိုး ၁၅၀ အထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက "ကျွန်တော် အခုလို အသင်းနဲ့အတူ သွင်းဂိုး ၁၅၀ ပြည့်မြောက်ခဲ့သည့်အတွက် အလွန်ပျော်ရွှင်မိပါတယ်။ အခုလို သွင်းဂိုးတွေ သွင်းယူနိုင်တာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေ ထပ်မံသွင်းယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)



## ကော်တင်ဟိုကို ဆန်းတို့စ်အသင်း ခေါ်ယူ

**ရီယို စက်တင်ဘာ ၁၅**

ဘရာဇီးကလပ် ဆန်းတို့စ်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်ကွင်းလယ်ကစားသမား ကော်တင်ဟိုကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဆန်းတို့စ်အသင်းနှင့်အတူ ရာသီကုန်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ကော်တင်ဟိုသည် ကစားသမားဘဝတစ်လျှောက်တွင် လီဗာပူး၊ ဘာစီလိုနာ၊ အက်စ်ပန်ညို၊ အင်တာမီလန် စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဆန်းတို့စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား ကော်တင်ဟိုအနေဖြင့် ဆန်းတို့စ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)





## လိဒ်စ်အသင်းက နယူးကာဆယ်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် စက်တင်ဘာ ၁၅**

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက လိဒ်စ်အသင်းနှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လိဒ်စ်အသင်းက နယူးကာဆယ်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လိဒ်စ်အသင်းအတွက် သွင်းဂိုး လေးဂိုးကို ပွဲချိန် ၃၂မိနစ်တွင် လူးဝစ်မိုင်လီ(OG)၊ ပွဲချိန် ၃၄ မိနစ်တွင် ဘိုဂယ်လ်၊ ပွဲချိန်(၄၅+၁) မိနစ်တွင် ကယ်လ်ဗတ်လီဝင်၊ ပွဲချိန် ၅၉ မိနစ်တွင် အိုကာဖာတို့က အသီးသီး သွင်းယူပေးခဲ့သည်။

လိဒ်စ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၂၀ရက်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)** (NGB)

## စပိန်လာလီဂါအဖွင့်ပွဲစဉ် ငါးပွဲစလုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် အူဘာမီယန်းမှတ်တမ်းဝင်

**မက်ဒရစ် စက်တင်ဘာ ၁၅**

ဒီပို့တီဗိုအသင်း တိုက်စစ်မှူး အူဘာမီယန်းသည် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ စပိန်လာလီဂါ အဖွင့် ပွဲစဉ်ငါးပွဲစလုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဒီပို့တီဗိုအသင်းက ဂီတာဖေးအသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။



အသက်(၃၇)နှစ်အရွယ်ရှိ အူဘာမီယန်းက "ကျွန်တော် အခုလို စံချိန်မှတ်တမ်းကောင်း တစ်ရပ်ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို စံချိန်တွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ)
(NGB)

## ချာအန်ဒေါ်ကို ခေါ်ယူရန် ပရီးမီးယားလိဂ်ကလပ်အသင်းများ အပြိုင်စိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၁၅**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် လီဗာပူးအသင်းနှင့် အက်စတွန်ဗီလာအသင်းတို့သည် ဖီအိုရင်တီးနားအသင်း ကွင်းလယ်ကစားသမား ချာအန်ဒေါ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဖီအိုရင်တီးနားအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၉ ပွဲ ကစားပြီး ရှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ် ကလပ်အသင်းများက ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ဖီအိုရင်တီးနားအသင်းကလည်း ချာအန်ဒေါ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် လီဗာပူးအသင်းနှင့် အက်စတွန်ဗီလာအသင်းတို့ အနေဖြင့် မည်သည့်အသင်းက ဖီအိုရင်တီးနားအသင်းထံမှ ချာအန်ဒေါ်ကို ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(အောက်ပုံ)** (NGB)



## ရာဖင်ဟာကို စာချုပ်သက်တမ်းတိုးရန် ဘာစီလိုနာအသင်းစီစဉ်

**မက်ဒရစ် စက်တင်ဘာ ၁၅**

ဘာစီလိုနာအသင်းသည် အသင်းတိုက်စစ်မှူး ရာဖင်ဟာကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၃ ပွဲကစားပြီး ၈၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းထုတ်ပြန်ချက်တွင် "ရာဖင်ဟာကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ မကြာမီရက်ပိုင်းအတွင်း စာချုပ်ကိစ္စအပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။ (NGB)

### ယူရိုပါလိဂ်ဘောလုံးပြိုင်ပွဲ (အမှတ်ပေးလိဂ်အဆင့်) (ပွဲစဉ်-၁)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | ပွဲစဉ် |
|---|---|
| ၁၇-၉-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | အေစီမီလန် - ဘင်ဖီကာ |
| ။ | အန်ဒါလက်ချ် - လိုင်ယွန် |
| ။ | လေဗာကူဆင် - ဆဲလ်တစ် |
| ။ | ဆန်းဒါးလန်း - အယ်ဇမာ |
| ။ | စတမ်းဂရက်ဇ် - ရင်းနက်စ် |
| ။ | အိုလံပီယာကို့စ် - ဂျာဂျီရယ်လိုနီယာ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆)

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၆-၉-၂၀၂၆<br>ည ၁၁:၃၀ နာရီ | အက်သလက်တီကို - အိုဆာဆူနာ | အက်သလက်တီကို ၁-၀ အိုဆာဆူနာ<br>အိုဆာဆူနာ ၁-၂ အက်သလက်တီကို |
| ။ | ဒီပို့တီဗို - ဆီဗီလာ | ဒီပို့တီဗို ၀-၀ ဆီဗီလာ<br>ဆီဗီလာ ၂-၀ ဒီပို့တီဗို |
| ၁၇-၉-၂၀၂၆<br>နံနက် ၀၂:၀၀ နာရီ | ဘာစီလိုနာ - ရေးဆင်း | ဘာစီလိုနာ ၃-၀ ရေးဆင်း<br>ရေးဆင်း ၀-၂ ဘာစီလိုနာ |
| ။ | လီဗန်တေး - ဘီလ်ဘာအို | လီဗန်တေး ၀-၂ ဘီလ်ဘာအို<br>ဘီလ်ဘာအို ၄-၂ လီဗန်တေး |

### အင်္ဂလန်လိဂ်ဖလား တတိယအဆင့်ပွဲစဉ်များ

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၁၇-၉-၂၀၂၆<br>နံနက် ၀၀:၃၀ နာရီ | မန်ယူ - ဘရိုက်တန် | မန်ယူ ၁-၂ ဘရိုက်တန်<br>ဘရိုက်တန် ၀-၃ မန်ယူ |
| ။ | ကိုဗင်ထရီ - အက်စတွန်ဗီလာ | ——— |

## 2026 Delta Motors Tolentino Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၂၁ရက်တွင် စတင်မည်

**တူရင် စက်တင်ဘာ ၁၅**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Delta Motors Tolentino Open တင်းနစ်ပြိုင်ပွဲသည် လာမည့် စက်တင်ဘာ ၂၁ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Delta Motors Tolentino Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၂၁ ရက်မှ ၂၈ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Delta Motors Tolentino Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Delta Motors Tolentino Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ယူကရိန်းတင်းနစ်မယ် Oleksandra Oliynykova ဖြစ်သည်။**(အောက်ပုံ)** (NGB)



# ၂၀၂၆ ခုနှစ် (ဆ)မိသားစု ဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပရာ KMCT အသင်းက အနိုင်ရဗိုလ်စွဲ




**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၌ Old Star FC ကစားသမားဟောင်းများ ကြီးမှူးကာ ၂၀၂၆ ခုနှစ်၊ (ဆ)မိသားစု (အလွတ်တန်းအမျိုးသား) ဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် KMCT အသင်းနှင့် HYPE အသင်းတို့သည် ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲက ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူးအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ(ဆ)မိသားစုဖလားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အတွင်းမှ ဘောလုံးအသင်း ၁၆ သင်း ယှဉ်ပြိုင်ကစားခဲ့ကြပြီး နောက်ဆုံးဗိုလ်လုပွဲအဖြစ် KMCT အသင်းနှင့် HYPE အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ KMCT အသင်းက ပထမပိုင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ထားခဲ့ပြီး ဒုတိယပိုင်းတွင် KMCT အသင်းက သွင်းဂိုး တစ်ဂိုးသွင်းယူကာ သုံးဂိုး ဂိုးမရှိ KMCT အသင်းက အနိုင်ရရှိ ဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ နေရာအလိုက် တစ်ဦးချင်းအကောင်းဆုံးဆုများနှင့် အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်ပွဲကျင်းပရာ ဂိုးသမားအကောင်းဆုံးဆု၊ ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုရ အားကစားသမားများနှင့် တတိယဆုကို Old Star ကစားသမားဟောင်းများအသင်း (ဆ)မိသားစုမှ တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ဒုတိယဆုရ ကစားသမားကို ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးမှူး ဦးတင်မောင်ဝင်းက ဆုများ အသီးသီး ချီးမြှင့်ခဲ့ကာ နောက်ဆုံးဗိုလ်လုပွဲတွင် ဗိုလ်စွဲခဲ့သည့် KMCT အသင်းအား တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းထွန်းက ဒိုင်းဆုဖလား၊ ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုချီးမြှင့်ငွေများ အသီးသီး ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၆၉)




# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ခရိုင်လူထုအခြေပြု ဗဟိုဌာနတွင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် အသိပညာဗဟုသုတများ ပြည့်စုံစေရန် ယမန်နေ့ မွန်းလွဲ ၁ နာရီက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကလေးအလုပ်သမားဆိုသည်မှာ ကလေး ဘဝ ရှေ့အလားအလာနှင့် ဂုဏ်သိက္ခာများ ကင်းမဲ့စေပြီး ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာသည့် အလုပ်မျိုးတွင် လုပ်ကိုင်နေရသူများကို ဆိုလိုကြောင်း၊ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာထိခိုက်နစ်နာစေသည့် အလုပ်မျိုးနှင့် ပညာသင်ကြားရေးကို ထိခိုက်နစ်နာစေသည့် အလုပ်မျိုး၊ ကျောင်းတက်ရန် အခွင့်အလမ်းရွေးချယ်နိုင်မှု မရှိခြင်း၊ အချိန်မတိုင်မီ ကျောင်းမှ ထွက်ရခြင်း၊ ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်လေးလံသောအလုပ်များကို အချိန်လွန်ကဲကြာမြင့်စွာ လုပ်ကိုင်နေရသူများသည် ကလေးအလုပ်သမားများဖြစ်ကြောင်းနှင့် ကလေးအလုပ်သမားဖြစ်ရသည့်အကြောင်းအရင်းများ၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်တာဝန်များကို အသိပညာပေး ဟောပြောပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်၊ စာစောင်များ ပြသခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

စုစုအေး(ကျောက်ဆည်)

၀-၀-၀-၀-၀-၀

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်အဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အေးမင်းစိုးက ညောင်ဦးခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ထို့နောက် ခရိုင်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးတင်ပြကြသည်။ ထို့နောက် တင်ပြလာသည့် လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုက ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၁)

၀-၀-၀-၀-၀-၀-၀

တံတားနှင့် လမ်း၊
ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့် ကန်
သစ်ပင်ရုံမှ
သဏ္ဍာန်လှပ
ပန်ရလိမ့် ။



# မြန်မာနိုင်ငံကြက်ခြေနီအသင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းတို့ပူးပေါင်း၍ BARP User Hands-on Training ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီများ ဖက်ဒရေးရှင်းတို့ပူးပေါင်း၍ Branch Activity Reporting Platform User Hands-on Training ဖွင့်ပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက မန္တလေးမြို့ရှိ Win Unity Hotel တွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အချိန်ပြည့် အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာတင်မောင်လှိုင်၊ ဒုတိယ အထွေထွေအတွင်းရေးမှူး ဒေါ်အိအိထွေး၊ ဗဟိုကောင်စီဝင် စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင့်အောင်၊ မန္တလေးတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဒုတိယတိုင်းတပ်ဖွဲ့မှူး ဦးအောင်သူဝင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီများ ဖက်ဒရေးရှင်း (မန္တလေး)ရုံးခွဲမှ တာဝန်ရှိသူများ၊ မန္တလေး၊ စစ်ကိုင်းအထောက်အကူပြုအရာရှိများ၊ စစ်ကိုင်း၊ ပုသိမ်ကြီး၊ မြစ်သားမြို့နယ် ကြက်ခြေနီစေတနာလုပ်အားရှင်များ တက်ရောက်ကြသည်။



ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အချိန်ပြည့် အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာတင်မောင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးတင့်အောင်က နှုတ်ခွန်းဆက်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)(ဝ၄၅)

# (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၅**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး)မှစုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ သွေးလှူဒါန်းပွဲကို အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း(မန္တလေး)ရဲမှူးချုပ်ဟန်ထွန်း ကြီးမှူး၍ သင်တန်းသား၊ သန္ဓေတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းခြင်းဖြစ်သည်။

ထိုသို့သွေးလှူဒါန်းရာတွင် ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီးမှ ရောဂါဗေဒနှင့် သွေးလှူဘဏ် အထူးကုဆရာဝန်ကြီး ဒေါက်တာခင်စန္ဒာဝင်းနှင့် သူနာပြုဆရာမများက သွေးလှူဒါန်းမည့် သင်တန်းသားများအား သွေးပေါင်ချိန်ပေးခြင်း၊ သွေးဖောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြရာ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာ စိုင်းဝင်းဇော်လှိုင်နှင့် ရဲမှူးချုပ် ဟန်ထွန်းတို့က လှည့်လည်ကြည့်ရှုပြီး သင်တန်းသား၊ သန္ဓေတပ်ဖွဲ့ဝင်များ၏ စုစုပေါင်းသွေးအိတ် ၅၀ကို ဆေးရုံအုပ်ကြီးထံပေးအပ်ကာ ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာကိုပေးအပ်ခဲ့ပြီးနောက် သွေးလှူရှင်များအား အားဖြည့်အချိုရည်၊ နွားနို့နှင့် ကြက်ဥများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)



# လိုင်စင်မရှိဘဲ ပိုးသတ်ဆေးရောင်းချသည့်ဆိုင်များကို ဥပဒေအရ အရေးယူမည်

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးပစ္စည်းနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များတွင် သတ်မှတ်ထားသည့်လိုင်စင်မရှိဘဲ ပိုးသတ်ဆေးရောင်းချနေသည့်ဆိုင်များကို ဥပဒေအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ လိုင်စင်သည် စိုက်ပျိုးရေးဦးစီးဌာနက ဖွင့်လှစ်သည့် "လိုင်စင်ရ ပိုးသတ်ဆေးသုံးစွဲသူများ အသိအမှတ်ပြုသင်တန်း" တက်ရောက်ပြီး ရရှိသည့်လိုင်စင်ဖြစ်ကြောင်း သိရသည်။

ပိုးသတ်ဆေးများတွင် ပါဝင်သည့် အဆိပ်သင့်ပစ္စည်းများကို စနစ်တကျ ကိုင်တွယ်သုံးစွဲခြင်းမရှိပါက သုံးစွဲသူများနှင့် စားသုံးသူများ၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်သောကြောင့် သင်တန်းတက်ရောက်ထားသူများကိုသာ ပိုးသတ်ဆေးရောင်းချခွင့်ပြုခြင်းဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းအတွင်းမှာ ပိုးသတ်ဆေးဆိုင်ပေါင်း ၆၅၀ ကျော် ရှိပါတယ်။ ပိုးသတ်ဆေးတွေမှာပါတဲ့ AI လို့ခေါ်တဲ့ အဆိပ်သင့်ပစ္စည်းတွေဟာ စနစ်တကျ မသုံးစွဲရင် သုံးစွဲသူရော၊ စားသုံးသူတွေပါ ကျန်းမာရေးထိခိုက်မှုတွေ ဖြစ်နိုင်ပါတယ်။ ရေရှည်မှာလည်း သဘာဝပတ်ဝန်းကျင်ထိခိုက်တာတွေ ဖြစ်နိုင်ပါတယ်။

ဒါကြောင့် သင်တန်းဆင်းလိုင်စင်မရှိဘဲ ရောင်းချရင် ပိုးသတ်ဆေးဥပဒေ စီမံခန့်ခွဲမှုနည်းလမ်းတွေအတိုင်း အရောင်းဆိုင်ကို ယာယီ(သို့မဟုတ်)ထာဝရ ပိတ်သိမ်းတာ၊ ဆေးတွေကို သိမ်းဆည်းဖျက်ဆီးတာတွေအထိ အရေးယူဆောင်ရွက်သွားမှာပါ"ဟု တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဦးလှမိုးကျော်က ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပိုးသတ်ဆေးသုံးစွဲသူများနှင့် စားသုံးသူများ အန္တရာယ်ကင်းဝေးစေရေး၊ ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်များ လျှော့ချနိုင်ရေးတို့အတွက် အဆိုပါအသိအမှတ်ပြုသင်တန်းများကို အပတ်စဉ် ဖွင့်လှစ်ပေးလျက်ရှိရာ လက်ရှိတွင် (၃၅)ကြိမ်မြောက်အထိ ဖွင့်လှစ်ပြီးဖြစ်ကြောင်း သိရသည်။

လိုအပ်ချက်အရ သင်တန်းများကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)ရွှေမန်း

# C-Suite Readiness Program ကို မန္တလေးတွင် ပထမဆုံးအကြိမ် ဖွင့်လှစ်မည်

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးမြို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် အမှုဆောင်အရာရှိများ၏ တောင်းဆိုမှုများအရ WISE Executive Lea-rning Hub ၏ C-Suite Readiness Program (Man-dalay) ကို စက်တင်ဘာလမှ အောက်တိုဘာလအထိ နှစ်လကြာ မန္တလေးမြို့တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် လုပ်ငန်းနယ်ပယ်အသီးသီး၌ အနှစ် ၂၀ မှ ၃၀ ကျော်အထိ အတွေ့အကြုံရှိသည့် Mentor များက C-suite အဆင့်သို့ တက်လှမ်းရာတွင် လိုအပ်သည့် မဟာဗျူဟာမြောက်စီမံခန့်ခွဲမှု၊ လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုနှင့် လက်တွေ့လုပ်ငန်းခွင်ဆိုင်ရာ အတွေ့အကြုံများကို သင်ကြားမျှဝေပေးမည် ဖြစ်သည်။

သင်တန်းတွင် CEO၊ CFO၊ COO၊ CTO နှင့် CHRO စသည့် အမှုဆောင်အရာရှိများအပြင် Senior Manager နှင့် Head အဆင့်မှ C-suite တာဝန်များသို့ တိုးမြှင့်တာဝန်ယူရန် ပြင်ဆင်နေသူများအတွက် လိုအပ်သည့် စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများကို ဘက်စုံသင်ယူနိုင်ရန် ရည်ရွယ်ထားသည်။


ထို့အပြင် လက်ရှိလုပ်ငန်းခွင်တွင် ရင်ဆိုင်နေရသည့် အခက်အခဲများကို Mentor များနှင့် တိုက်ရိုက်ဆွေးနွေးနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပညာရှင်များအကြား Business Net-wor တည်ဆောက်နိုင်ခြင်းနှင့် သင်တန်းပြီးဆုံးပြီးနောက် Ex-ecutive Alumni Network တွင် ဆက်လက်ပါဝင်နိုင်ခြင်း တို့ကိုလည်း ရရှိမည်ဖြစ်သည်။

ယခုဖွင့်လှစ်မည့် Batch-001 သင်တန်းကို စနေနှင့် တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မန္တလေးမြို့တွင် လူကိုယ်တိုင်တက်ရောက်သင်ယူရမည်ဖြစ်ပြီး သင်တန်းသားဦးရေ ၂၅ ဦးသာ လက်ခံမည်ဖြစ်သည်။ သင်တန်းကြေးမှာ မြန်မာကျပ်ငွေ သိန်း ၆၀ သတ်မှတ်ထားသည်။

သင်တန်းတွင် အဓိကဘာသာရပ် ၈ ခု ပါဝင်မည်ဖြစ်ပြီး ယနေ့ခေတ်လုပ်ငန်းခွင်လိုအပ်ချက်များနှင့်အညီ AI နည်းပညာနှင့် Risk Management ဆိုင်ရာ အကြောင်းအရာများကိုလည်း ထည့်သွင်းသင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် WISE Ex-ecutive Learning Hub သို့ Messenger မှတစ်ဆင့် ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး ၀၉-၄၂၂၃၁၇၂၆၉ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)




# အိန္ဒိယဝယ်လိုအားကြောင့် ပဲစင်းငုံပြည်ပဈေး မြင့်တက်

**မန္တလေး စက်တင်ဘာ ၁၅**

အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကြောင့် ယခုရက်သတ္တပတ်အတွင်း မြန်မာ့ပဲစင်းငုံ ပြည်ပရောင်းဈေး မြင့်တက်လာသော်လည်း ပြည်တွင်းဈေးကွက်တွင် အတက်အကျများ ဖြစ်ပေါ်နေကြောင်း ပဲဈေးကွက်အခြေအနေများအရ သိရသည်။

အိန္ဒိယနိုင်ငံတွင် မိုးရရှိမှုနှင့် စိုက်ပျိုးနိုင်သည့်အချိန် နှောင့်နှေးမှုများကြောင့် အဓိကစားသောက်ကုန်တစ်မျိုးဖြစ်သည့် ပဲစင်းငုံဈေးကွက်အပေါ် သက်ရောက်မှုများ ရှိနေသည်။ ထို့အပြင် ပွဲတော်ကာလ ဝယ်လိုအားနှင့် အာဖရိက ပဲစင်းငုံဈေး မြင့်တက်မှုများကလည်း မြန်မာ့ပဲစင်းငုံဈေးကွက်အပေါ် ရိုက်ခတ်လာသည်။

ထိုအခြေအနေများကြောင့် အိန္ဒိယဈေးကွက်သို့ တင်ပို့ရောင်းချသည့် မြန်မာ့ပဲစင်းငုံ FOB ဈေးမှာ စက်တင်ဘာလ ပထမရက်သတ္တပတ်အတွင်း တစ်တန် အမေရိကန်ဒေါ်လာ ၈၅၀ ရှိရာမှ ယခုရက်သတ္တပတ်တွင် ဒေါ်လာ ၈၈၀ သို့ မြင့်တက်လာပြီး တစ်တန်လျှင် ဒေါ်လာ ၃၀ ဈေး တက်လာသည်။

အလားတူ မြန်မာ့ဈေးကွက်တွင်လည်း ပဲစင်းငုံ FOB ဈေး မြင့်တက်လာသည်။ ပဲစင်းငုံ (၂၀၂၄-၂၅ သီးနှံ)တစ်တန်လျှင် ဒေါ်လာ ၇၆၀-၇၇၀ မှ ၈၁၀-၈၂၀ သို့လည်းကောင်း၊ ပဲစင်းငုံ (၂၀၂၅-၂၆ သီးနှံ)တစ်တန်လျှင် ဒေါ်လာ ၇၉၀-၈၀၀ မှ ၈၄၀-၈၅၀ သို့လည်းကောင်း ဈေးပြောင်းလဲလာသည်။



သို့သော် ပြည်တွင်းဈေးကွက်တွင် ပဲစင်းငုံဈေးနှုန်းများမှာ အတက်အကျများ ဆက်လက်ဖြစ်ပေါ်နေသည်။ ရက်သတ္တပတ်အတွင်း ပဲစင်းငုံဈေးမှာ တစ်တန်လျှင် ငွေကျပ် ၃,၅၅၁,၀၀၀ မှ ငွေကျပ် ၃,၅၁၅,၀၀၀ သို့ ကျဆင်းခဲ့ပြီးနောက် ငွေကျပ် ၃,၅၃၃,၀၀၀ သို့ ပြန်လည်မြင့်တက်ခဲ့သည်။ စက်တင်ဘာ ၁၀ ရက်တွင်မူ တစ်တန်လျှင်ငွေကျပ် ၃,၅၀၀,၀၀၀ သို့ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ) ရွှေမန်း

# နေမဝင်ဆည်းဆာ ထာဝရရိပ်သာမှ အဘွားတစ်ဦးအကြောင်း

လွန်ခဲ့သည့် နွေရာသီက ဖြစ်၏။ ရာသီဥတုက ပူပြင်းလွန်းလှ၏။ ကျွန်တော်သည် ပြင်ဦးလွင်မြို့ရှိ တစ်ခုတည်းသော ကျေးရွာလေးတစ်ရွာဆီသို့ အလည်အပတ် သွားရောက်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော်သွားရောက်ခဲ့သည့် ကျေးရွာလေးသည် ပြင်ဦးလွင်မြို့၏ အရှေ့မြောက်ဘက် (၇)မိုင်ခန့်တွင်ရှိသော- 'သက္ကံချိုင်း'ကျေးရွာဟု ဆိုပါသည်။ ကျွန်တော်သည် အဆိုပါကျေးရွာရှိ ရွာဦးဘုန်းကြီးကျောင်း၌ သွားရောက်ခိုနားခဲ့ခြင်းဖြစ်၏။ ဘုန်းကြီးကျောင်း၏အမည်မှာ အတ္တဒီပကျောင်း 'နေမဝင်ဆည်းဆာ ထာဝရရိပ်သာ'ဟု ခေါ်တွင်၏။ ဤဘုန်းကြီးကျောင်း၏ ပဓာနနာယကဆရာတော်မှာ ဥူးကဝိဓဇဖြစ်ပြီး သက်တော်မှာ (၇၀)နီးပါးသာရှိသေး၏။ အဆိုပါ ဆရာတော်ကြီးကလည်း သဘောအလွန်ကောင်းပေ၏။

အတ္တဒီပဘုန်းကြီးကျောင်းကြီး၏ အတိုင်းအတာမှာ လေးဧကအထိ ကျယ်ဝန်းပါသည်။ ကျောင်းဝင်းအတွင်းရှိ ပင်မဘုန်းကြီးကျောင်းကြီးမှာ ပေ ၁၅၀ ပတ်လည်ခန့်ရှိပြီး ကျွန်းတိုင်ကြီးများနှင့် တည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါ ပင်မကျောင်းကြီး၏ ဘေးပတ်ပတ်လည်တွင် ယောဂီဆောင်လေးများကို အစီအရီ ဆောက်လုပ်ထားခြင်းဖြစ်၏။ ဤသည်တို့ကြောင့်လည်း ယောဂီဆောင်လေးများသည် နေချင့်စဖွယ် ကောင်းနေတော့သည်။ အေးချမ်းပါဘိ။

ကျွန်တော်သည် ပြင်ဦးလွင်ရှိ ရွာဦးဘုန်းကြီးကျောင်းတွင် တစ်ပတ်ခန့်တိတိ နေထိုင်ခဲ့ပါသည်။ ဤဘုန်းကြီးကျောင်း၌ နေထိုင်စဉ်အတောအတွင်း အသက်(၇၀)အရွယ်ခန့်ရှိ အဘွားတစ်ဦးနှင့် သိကျွမ်းရင်းနှီးခဲ့ရသည်။ အဘွား၏ ပုံသဏ္ဌာန်မှာ ပိန်ပိန်ပါးပါးဖြစ်၏။ အသားညို၏။ အလုပ်ကို ကြမ်းကြမ်းတမ်းတမ်း လုပ်ကိုင်နိုင်သည့် တောသူမကြီးပုံစံ ပေါက်နေပါသည်။

အဘွားသည် ဤဘုန်းကြီးကျောင်းအတွင်း၌ အအားမနေ။ တကုတ်ကုတ်နှင့် အလုပ်လုပ်နေသည်ကို တွေ့မြင်နေရ၏။ အဘွားသည် ကျောင်းဝင်းအတွင်းရှိ ချုံပုတ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါက်ပြားလေးနှင့် မြက်ပေါက်ခြင်း၊ ပေါင်းနုတ်ခြင်းများကို အမြဲတစေ လုပ်ကိုင်နေလေ့ရှိပေသည်။

အဘွား၏အမည်မှာ ကဗျာဆန်လှသကဲ့သို့ အဘွား၏ လောက၊ အဘွား၏ ဘဝကလည်း ကဗျာဆန်လှပေသည်။ ကညာဆန်လှပေသည်။ အဘွားအမည်နာမမှာ 'ဒေါ်ခင်မေလွန်း' ဖြစ်၏။ အဘွား၏ မိဘများကလည်း ကြံကြံဖန်ဖန် မှည့်တတ်ပလေတယ်ဟု ဆိုရပေမည်။ သို့သော်လည်း တစ်ရွာလုံးနှင့် မိတ်ဆွေတွေအားလုံးကတော့ 'ဘွားခင်'ဟု ခေါ်ဆိုကြပါသည်။

ဘွားခင်ကို ဤသက္ကံကျေးရွာလေးတွင် အဘ ဦးမိုးနောင်နှင့် အမိ ဒေါ်သန်းတို့မှ ဖွားမြင်ခဲ့သည်ဟု သိရသည်။ ဘွားခင်သည် အတန်းပညာ လေးတန်းအထိ နေခဲ့ရပြီး တောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့ရသည်။

သည်လိုနှင့် ဘွားခင်သည် (၇)နှစ်သမီးလေးအရွယ်သို့ ရောက်လာသောအခါ မိဘများနှင့် တောင်သူလုပ်ငန်းများကို ကူလုပ်ပေးရ၏။ တစ်ဖန် အဘိုးအဘွားတို့နှင့်အတူ ဤရွာဦးဘုန်းကြီးကျောင်း၌ ဝေယျာဝစ္စအဝဝကို ကူလုပ်ပေးရသည်ဟု ဆိုပါ၏။ ဤအဘိုးနှင့် အဘွားတို့သည်လည်း ဤရွာဦးကျောင်းကြီး၏ ကျောင်းဒါယကာနှင့် ကျောင်းဒါယိကာမတွေ ဖြစ်ကြသည်ဟု ဆိုလေသည်။ အဘိုးအဘွားတို့၏ ကောင်းမွေကို မြေးဖြစ်သူ ဘွားခင်က ရလိုက်သည်ဟု ဆိုရပေမည်။

ဘွားခင်သည် ငယ်စဉ်ကတည်းကနေ အိမ်ထောင်မကျခင်အထိ ဘုန်းကြီးကျောင်းနှင့်ပတ်သက်၍ ကုသိုလ်ကောင်းမှုအလီလီကို ဆောင်ရွက်ပေးပါသည်။ လုပ်အားဒါနကုသိုလ်တွေလည်း လက်မနှေးခဲ့ဟု သိရသည်။

ဘွားခင် အိမ်ထောင်ကျသွားသော်လည်း ဤရွာဦးဘုန်းကြီးကျောင်းနှင့်ပတ်သက်၍ 'သူမ'တတ်နိုင်သည့်ဘက်မှ အကျိုးဆောင်ပေးခဲ့သည်ဟု ဆိုပါသည်။ ဘွားခင်အိမ်ထောင်ကျသွားပြီး ကလေးခြောက်ယောက် ထွန်းကားခဲ့၏။ ယခုအခါတွင် ဘွားခင်၏ သားသမီး ခြောက်ယောက်စလုံးကလည်း အိမ်ထောင်အသီးသီး ကျသွားကုန်ကြပြီ။ မြေးများပင် ရရှိနေပေ၏။ ဘွားခင်၏ အမျိုးသားကလည်း ဆုံးပါးသွားခဲ့လေသည်။ ဘွားခင်၏ သားသမီးအားလုံးသည် ချမ်းသာကြွယ်ဝကြသည်ဟု သိရသည်။ ဘွားခင်အတွက် ကံကောင်းသည်ဟု ဆိုရပေမည်။

ဘွားခင်သည် သူမ၏ သားသမီးများ ချမ်းသာကြွယ်ဝသော်ငြားလည်း ထည်ထည်ဝါဝါမနေ။ ရိုးသားစွာဖြင့် ဘဝကို ဖြတ်သန်းနေထိုင်ပါသည်။ သည်လိုနှင့် ဘွားခင်သည်ပင်လျှင် ဤဘုန်းကြီးကျောင်းအပေါ်၌ သံယောဇဉ်ငြိတွယ်လာခဲ့ပေ၏။ ပြောရလျှင် ဘုန်းကြီးကျောင်းကြီး၏ ဘက်စုံပြုပြင်ရေးကိစ္စအဝဝသည် မိမိနှင့်လည်း သက်ဆိုင်သည်ဟု စိတ်ထဲ၌ စွဲထင်ခပ်နှိပ်သွားဟန်တူ၏။ စိတ်ထဲ၌ စွဲထင်ခပ်နှိပ်သွားသကဲ့သို့ သူမခန္ဓာကိုယ်ကြီးကလည်း အမြဲလိုက်ပါနေတတ်၏။ တစ်နည်းပြောရလျှင် စိတ်သွားတိုင်း ကိုယ်ပါနေတော့၏။ ဤဘုန်းကြီးကျောင်းနှင့်ပတ်သက်၍ ဝေယျာဝစ္စအဝဝအတွက် ကိုယ်က တစ်ထောင့်တစ်နေရာမှ ပါဝင်ပြီး ကုသိုလ်ပြုချင်နေတော့သည်။

ဘွားခင် ဤရွာဦးဘုန်းကြီးကျောင်းနှင့်ပတ်သက်ပြီး ဒါနပြုခဲ့သည့် ကုသိုလ်ကောင်းမှုအစုစုကိုလည်း ပြောပြချင်ပါသေးသည်။ ဘွားခင်သည် ဤသက္ကံဘုန်းကြီးကျောင်း ငွေသားချည်းသက်သက်သိန်း ၁၀၀ ကျော် လှူဒါန်းခဲ့သည့်အပြင် ယောဂီဆောင်က တစ်ဆောင်၊ ပင်မရေကန်ကြီးက တစ်ကန်၊ ယောဂီတွေထိုင်သည့် အုတ်ခုံတွေကိုလည်း ရက်ရက်ရောရော လှူဒါန်းပေးခဲ့သည်ဟု ဆိုပါသည်။ တကယ့်ကို စံပြအမျိုးသမီးတစ်ဦးဟု ဆိုရပေမည်။

ကျွန်တော်သည် ဘွားခင်နှင့်ပတ်သက်၍ သုံးသပ်ကြည့်ရာတွင် ဘွားခင်သည် သူမ၏ကျေးရွာလေးကို ခင်တွယ်ပုံရ၏။ သံယောဇဉ်ထားပုံလည်း ရပါသည်။ အကယ်၍ ဘွားခင်တစ်မြို့တစ်ရွာသို့ ရောက်နေလျှင် သူမ၏ ကျေးရွာလေးကို လွမ်းနေတတ်သည် ဟု ဆို၏။ ဒါကြောင့်လည်း သူမ၏မိဘများက (ဒေါ်)ခင်မေလွန်းဟု အမည်ပေးခဲ့ဟန်တူ၏။

ဘွားခင်သည် ဤရွာဦးကျောင်းတွင် ရှိနေလျှင် အချိန်ကို အလဟဿ ဖြုန်းတီးမပြစ်။ ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းရေးလုပ်၏။ ကျောင်းပြင်ပရှိ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်း၏။ ဘုန်းကြီးကျောင်း၌ အသုံးပြုရန် ထင်းများအဖြစ် ဖန်တီးပေး၏။ ထို့အပြင် ကျောင်းပိုင် မြေကွက်လပ်များပေါ်တွင် သီးပင်၊ စားပင်များကို စိုက်ပျိုးပေး၏။ ထွက်ရှိလာသော အသီးအနှံများကို ဘုန်းကြီးကျောင်းသို့ လှူဒါန်းလေ့ရှိ၏။ ထို့အပြင် ကျောင်းတွင်းရှိ သံဃာတော်အချို့၏ သင်္ကန်းများကိုလည်း လျှော်ဖွတ်ပေးလေ့ရှိပါသည်။ ဤသို့ ပြုလုပ်ပေးနေသော်လည်း ဘွားခင်သည် အခကြေးငွေ ယူလေ့မရှိ။ မိမိအိမ်မှ ထမင်းချိုင့်ယူလာခြင်းဖြစ်၏။ ကျောင်းဟင်း၊ ကျောင်းထမင်းစားပြီး အလုပ်လုပ်လေ့မရှိကြောင်း သိရ၏။ ဘွားခင်၏ အနေအထားမှာ သူဌေးမကြီး ပုံစံမပေါက်။ တကယ့်ကို တောင်သူလယ်လုပ်နေရသည့် တောသူမကြီးပုံစံ ပေါက်နေပေသည်။

ဘွားခင်သည် ဘုန်းကြီးကျောင်းအတွက် ဤသို့ အကျိုးဆောင်ပေးနေသော်လည်း အခြားအခြားသော မျှော်လင့်ချက်များမရှိပါ။ စေတနာသန့်သန့်နှင့် လုပ်ပေးနေခြင်းဖြစ်သည်ဟု ဆိုပါသည်။ ဘွားခင်သည် ဥပုသ်နေ့ရောက်လျှင် ဥပုသ်သီလစောင့်ထိန်းပြီး ကျောင်းဟင်း၊ ကျောင်းထမင်းကို သုံးဆောင်သည်ဟု သိရ၏။ ကျွန်တော့်အနေနှင့် သာဓုခေါ်မိပါသည်။

ကျွန်တော်သည် ဘွားခင်ကို 'အဘွား အခုလို လူ့ဘဝရောက်တဲ့အချိန်မှာ စိတ်တိုင်းကျ ကုသိုလ်တွေ လုပ်ခဲ့ပြီးပြီ၊ နောက်ထပ်ဘာတွေလုပ်ချင်သေးသလဲ'ဟု မေးမြန်းမိ၏။ ဤတွင် ဘွားခင်က 'မြန်မာပြည်မှာရှိတဲ့ ဘုရားစုံတော့ ဖူးခဲ့ပြီးပြီ။ အိန္ဒိယနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဂါယာကို သွားပြီး ဘုရားဖူးချင်သေးတယ်'ဟု ပြောရှာ၏။

တစ်ဆက်တည်းမှာပင် ကျွန်တော်က 'နောက်ဘဝ လူလာဖြစ်ရင် ဘယ်လိုဘဝထဲ လူဖြစ်ချင်သလဲ'ဟု မေးကြည့်မိ၏။ ဤတွင် ဘွားခင်က 'ဒီရွာမှာပဲ လူလာဖြစ်ချင်တယ်။ တကယ်လို့ ယောကျ်ားလေး လာဖြစ်ရင်လည်း ဘုန်းကြီးဝတ်ပြီး ဒီရွာဦးဘုန်းကြီးကျောင်းကို တိုးတက်ရာ တိုးတက်ကြောင်းတွေ လုပ်ပေးချင်တယ်။ အကယ်၍ မိန်းကလေးဖြစ်ရင်လည်း သီလရှင်ဝတ်ပြီး ဒီဘုန်းကြီးကျောင်းကို တိုးတက်ရာ တိုးတက်ကြောင်း လုပ်ပေးချင်ပါတယ်'ဟု ဖြေသွားပါသည်။ ဤသည်မှာ ဘွားခင်၏ ရင်တွင်းစကားဖြစ်ပေမည်။ ဘွားခင်သည် ဤဘဝတွင် ဤကျေးရွာလေး၌ လူလာဖြစ်နေရသည်ကို ကျေနပ်နေဟန်တူပေ၏။ ဂုဏ်ယူနေဟန်လည်း တူပါသည်။ ဘွားခင်၏ စိတ်ဓာတ်က ကြည်ညိုစရာ ကောင်းနေတော့သည်။

တကယ်တော့ ဘွားခင်သည် သူမ၏ ဘဝ၊ သူမ၏ ဆန္ဒ၊ သူမ၏ ဒဿနတွေက စိတ်ဝင်စားစရာလည်း ကောင်းပါ၏။ မှတ်သားစရာလည်း ကောင်းပါ၏။ လေးစားပြီး ဂုဏ်ယူစရာ ကောင်းပါ၏။ မည်သို့ပင်ဆိုပါစေ ဘွားခင်တစ်ယောက် ဘဝနှင့် ဆန္ဒ တစ်ထပ်တည်းကျပါစေ။ နောင်ဘဝထိတိုင်အောင် မျှော်မှန်းထားသည့် ပါရမီတွေ ဖြည့်ဆည်းပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပေသည်။

**မြောက်ပြင်တော်က ကိုရွှေမော်**

---

## ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ Security ဝန်ထမ်းများအတွက် လုံခြုံရေးဆိုင်ရာအသိပညာပေးသင်တန်း အမှတ်စဉ်(၁) ဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ Security ဝန်ထမ်းများ၏ လုံခြုံရေးဆိုင်ရာ အသိပညာနှင့် ဝန်ဆောင်မှု အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ၊ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ နေပြည်တော် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးမင်းဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမင်းဦးက အဖွင့်အမှာစကား ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်က သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

နေပြည်တော်ကောင်စီ နယ်မြေအတွင်း လက်ရှိတွင် ဟိုတယ် ၆၇ လုံး၊ တည်းခိုရိပ်သာ ၄၂ လုံး၊ စုစုပေါင်း ၁၀၉ လုံး၌ အခန်းပေါင်း ၆၅၈၄ ခန်း လိုင်စင် ခွင့်ပြုပေးထားပြီး ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် ၃၁ ခု၊ ဧည့်လမ်းညွှန်လိုင်စင်ကိုးခု ခွင့်ပြုထားရှိကြောင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ဆောင်မှုကဏ္ဍာ သင်တန်း ရှစ်မျိုး၌ သင်တန်းသား ၆၃၀ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဝန်ဆောင်မှုကဏ္ဍာအတွက် သင်တန်းလေးမျိုး၊ သင်တန်းသား ၂၀၀ ဦး ဖွင့်လှစ်ပို့ချပေးခဲ့ပြီးဖြစ်ကြောင်းနှင့် သင်တန်းများကို ဆက်လက်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

သျှင်ဦးမောင်(ဒက္ခိဏ)

*-*-*-*-*

## ကျောက်တံတားကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း (Public Talk) ကျင်းပ



**မတ္တရာ စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk)ကို စက်တင်ဘာ ၁၄ ရက် နံနက် ၁၀နာရီခွဲက လမိုင်းကျေးရွာအုပ်စု၊ ကျောက်တံတားကျေးရွာရှိ ရေနား ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြတ်သူက မိတ်ဆက်စကားပြောကြားခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသူမြင့်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ (ဝဲပုံ)

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်လွင်၊ မြို့နယ်ပညာရေးမှူး ဒေါ်အိအိခင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သီဟစိုး၊ ကျေးလက်လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဒေါ်ခွာညိုဇင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးကျော်စိုးလွင်၊ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လက်ထောက်မန်နေဂျာ ဦးဝင်းထိန်တို့က မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြတ်သူက ဌာနများအလိုက် ဆွေးနွေးချက်များအပေါ် သုံးသပ်ပြောကြားခဲ့သည်။ ဆက်လက်၍ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြည်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။ (ရွှေရာသား)

## မြင်းခြံမြို့၌ မြို့နယ်အဆင့် ကျောင်းပြင်ပပညာရေး မူလတန်းပညာရေးဖွင့်ပွဲ ကျင်းပ

**မြင်းခြံ စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ မြို့နယ်အဆင့် ကျောင်းပြင်ပပညာရေး မူလတန်းပညာရေး ဖွင့်ပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ ကျောင်းပြင်ပပညာရေးတာဝန်ခံ ဆရာကြီး ဦးအောင်ဆန်းက ကျောင်းပြင်ပပညာရေးအတွက် ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသည့် ကျောင်းပြင်ပပညာရေး ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ရာ ကျောင်းပြင်ပစခန်းမှ ဆရာ၊ ဆရာမများက အသီးသီး လက်ခံရယူခဲ့ပြီး ကျောင်းပြင်ပစခန်းများမှ ကျောင်းသားကျောင်းသူများက ကျောင်းပြင်ပဆိုင်ရာ သီချင်းဖြင့် ကပြသီဆိုဖျော်ဖြေခဲ့ကြသည်။



အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၆)

## စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**တောင်တွင်းကြီး စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲပြုလုပ်မည့်အစီအစဉ် များနှင့် Never Stop Learning Talk Show ကျင်းပဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းပြောကြားကာ ဒုတိယမြို့နယ် ပညာရေးမှူး ဦးညီညီထွေးက အခမ်းအနားတစ်ခုလုံးတွင် နေရာကဏ္ဍ အသီးသီး၌ အဖွဲ့လိုက်တာဝန်ယူဆောင်ရွက်ရမည့် ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ အတည်ပြုချမှတ်တာဝန်များ ခွဲဝေပေးခဲ့သည်။



ထို့နောက် တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် တာဝန်ရှိသူများက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို အောက်တိုဘာလ ၈ ရက်မှ ၉ ရက်ထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

ဦးမျိုး(ဗိသ္သနိုးမြေ)

ဝ-ဝ-ဝ-ဝ-ဝ

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မြန်မာ့အလင်း

## တစ်လှေထဲစီး

* စာပေဝိုင်းမှာ၊ ဆုံတွေ့လာကြ
မောင်နှမညီအစ်ကို၊ မေတ္တာယှိဖိတ်
ချစ်သောစိတ်ဖြင့်၊ အေးရိပ်ဆာယာ
ရောက်လို့လာကြ၊ ရွှင်ပျော်မြူးကြွ
ဝမ်းမြောက်ကြ၏။

* ညီညာစုရုံး၊ အကောင်းဆုံးတွေး
အကောင်းဆုံးရေး၊ မေတ္တာတေးညီ
သံပြိုင်သီဆို၊ ဘဝကိုဖြေသိမ့်
မုန်းစိတ်မထား၊ ချစ်ခြင်းများစွာ
စေတနာအပြည့်၊ ဓလေ့တူညီ
ကူညီရိုင်းပင်း၊ လက်တွဲရင်းက
လူပီသစွာ၊ ရင်းနှီးကာလေ
ဖြာဖြာစုံစွာ၊ ပြောမဝ။

* ချစ်လို့မဝ၊ မောင်နှမတို့
လောကဇာတ်ခုံ၊ ကကြိုးစုံကို
လူ့ဘုံအလယ်၊ သွယ်သွယ်မှတ်တမ်း
သုတလွှမ်းကာ၊ တစ်ခန်းရသ
ရောယှက်ကြ၍၊ ခုခေတ်ရေစီး
စာပေခရီး၊ အရှည်ကြီးကို
တစ်လှေထဲစီး၊ ဇွဲကြီးကြီးဖြင့်
ခရီးအတူ လှော်ကြစို့။ ။

မြခြူးအိမ်(ကိုလေး)



❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## သီပေါမြို့နယ် နမ့်ခမ်းကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ




**နေပြည်တော် စက်တင်ဘာ ၁၅**

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကို သာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင်

စာမျက်နှာ ၇ သို့ ✪

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာပြပုံ

## အင်္ဂလန်လိဂ်ဖလား တတိယအဆင့်ပွဲစဉ်တွင် အာဆင်နယ်နှင့် လီဗာပူးတို့ နိုင်ပွဲကိုယ်စီရယူ

**လန်ဒန် စက်တင်ဘာ ၁၅**

အင်္ဂလန်လိဂ်ဖလား တတိယအဆင့်ပွဲစဉ်တွင် အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီရယူနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် နံနက် ၁နာရီခွဲက အာဆင်နယ်အသင်းနှင့် အစ်ဆွစ်ချ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက အစ်ဆွစ်ချ်အသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၇မိနစ်နှင့် ၄၇မိနစ်တွင် ဒေါ့မန်းစ်၊ ပွဲချိန် ၁၆မိနစ်တွင် မာဒူအီကီ၊ ပွဲချိန် ၅၈မိနစ်တွင် မာရီနိုတို့က အသီးသီး သွင်းယူပေးခဲ့သည်။



ဆက်လက်၍ လီဗာပူးအသင်းနှင့် စပါးအသင်းတို့ ပွဲစဉ်တွင်လည်း လီဗာပူးအသင်းက စပါးအသင်း သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၂၁ မိနစ်တွင်အယ်လစ္စတာ၊ ပွဲချိန် ၅၄ မိနစ်တွင်ဂက်ပို၊ ပွဲချိန် (၉၀+၁) မိနစ်တွင် ဆိုဘိုစလိုင်းတို့က အသီးသီး သွင်းယူပေးခဲ့သည်။

(NGB)

0-0-0-0-0

0-0-0

## အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲသို့ Esports အားကစားအဖွဲ့ချုပ်မှ မြန်မာနိုင်ငံကိုယ်စားပြု National Team Zanaka အသင်း သွားရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၁၅

ဂျပန်နိုင်ငံ အိုက်ချီ-နာဂိုယာမြို့(Aichi-Nagoya, Japan)၌ စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပမည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် Esports အားကစားအဖွဲ့ချုပ်မှ National Team Zanaka အသင်း သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယနေ့ညနေပိုင်းက ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပသည့် မီဒီယာမိတ်ဆက်ပွဲမှ သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Esports အသင်းသည် Honor of Kings (HOK)၊ PUBG Mobile (PUBGM)၊ Mobile Legends: Bang Bang (MLBB)၊ eFootball Mobile နှင့် eFootball Console အစရှိသည့် အားကစားနည်းငါးမျိုးကို ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အိမ်ရှင်ဂျပန်နိုင်ငံအပါအဝင် တောင်ကိုရီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဆော်ဒီအာရေဗျ၊ အိန္ဒိယ စသည့်နိုင်ငံများနှင့် ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ✦






## တစ်ပိုင်တစ်နိုင် ကြက်ဟင်းခါးသီးနံ စိုက်ပျိုးရောင်းချသူများ အဆင်ပြေ

**ကျောက်ဆည် စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ဆန်စပါးကိုအဓိကထား စိုက်ပျိုးကြသော်လည်း မြစ်ဘေး၊ ချောင်းဘေးနှင့် ကျွန်းမြေ၊ သဲနုန်းမြေများတွင် မီးဖိုချောင်သုံး သီးနှံမျိုးစုံ စိုက်ပျိုးကြကြောင်း သိရှိရပြီး ရန်ပုံနှစ်ကျေးရွာ၌ တစ်ပိုင်တစ်နိုင် ကြက်ဟင်းခါးသီးနံ့ စိုက်ပျိုးရောင်းချသူများ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။

ကြက်ဟင်းခါးသီးနံ့စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ဘို့တစ်ထောင် ကြက်ဟင်းခါးမျိုး တစ်ထုပ် စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးပြီးရက်ပေါင်း ၃၀ တွင် အပွင့်များစတင်ပွင့်ပြီး ၄၅ ရက်တွင် အသီးများ စတင်ခူးဆွတ် ရောင်းချရကြောင်း၊ ခူးဆွတ်ရောင်းချရာတွင် ၄-၅ ရက်တစ်ကြိမ် ခူးဆွတ်ရကြောင်း၊ စတင်ခူးချိန်၌ ၁၅ ပိဿာခန့်ခူးဆွတ်ရပြီး အသီးလှိုင်ချိန်တွင် ပိဿာ ၇၀ ကျော်အထိ ခူးဆွတ်ရကြောင်း၊ အပင်ပြုစုကောင်းပါက ခူးဆွတ် ရောင်းချိန်ခြောက်လခန့်အထိ ခူးဆွတ်ရောင်းချရကြောင်း၊ ယခု ပွဲရုံသွင်းဈေးအနေဖြင့် တစ်ပိဿာ ငွေကျပ် ၁၅၀၀ ရောင်းချရကြောင်း တောင်သူ ဦးဇော်ဝင်းက ပြောပြသည်။

ကြက်ဟင်းခါးသီးနံ့ စိုက်ပျိုးမည်ဆိုပါက ခြောက်ပေခန့်အကွာ တိုင်များစိုက်ပြီး ငါးပေ အမြင့်စင်များ ပြုလုပ်ကာ ကြက်ဟင်းခါးမျိုးစေ့များကို တိုင်ခြေနှင့် တစ်ထွာအကွာတွင် ကျင်းများတူးပြီး အစေ့တိုက်ရိုက်ချ စိုက်ပျိုးကြောင်း၊ အပင်၊ အသီးကောင်းမွန်စေရန်အတွက် စိုက်ပျိုးပြီး ၁၅ ရက် အကြာတွင် အပင်ပတ်လည်၌ အာမိုမြေဩဇာ ဟင်းစားဇွန်းတစ်ဇွန်းခန့် ဖြူးပေးကာ ရေသွင်း ပေးရကြောင်း၊ ကြက်ဟင်းခါးသီးနံ့သည် မိသားစု တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်ပြီး ကုန်ကျစရိတ် နည်းနည်းဖြင့် အကျိုးအမြတ်များသောကြောင့် တောင်သူများ အနေဖြင့် စိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀

၀-၀-၀